ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မကောင်းမှုမပြုမိအောင်ထိန်းချုပ်**

မကောင်းမှုကိုပြုမိသောသူသည် ထိုမကောင်းမှုကို နောက်တစ်ကြိမ်မပြုမိအောင် စိတ်အလိုဆန္ဒကို ထိန်းချုပ်ရာ၏။ မကောင်းမှုပွားများခြင်းသည် ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သောကြောင့်တည်း။ မကောင်းမှုကို ဝေးစွာရှောင်ရှားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၇)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့။ Tuesday , 15 November 2016 (၈၇၄၆)

# တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)တွင် တန်ခိုးကြီးဘုရားများ၌ ဒါနပြုသူများဖြင့် စည်ကား



ဓာတ်ပုံ-စောသိန်းဝင်း

**ရွှေတိဂုံစေတီတော်မြတ်ကြီးအား ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့် (၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၄ ရက်) ညတွင် စူပါမွန်းဖြစ်စဉ်နှင့်အတူ ဖူးတွေ့ရစဉ်။** [စူပါမွန်းဖြစ်စဉ်မှာ လသည် ကမ္ဘာနှင့် အနီးဆုံးအကွာအဝေးသို့ ရောက်ရှိလာသည့်အခါ လကို ပုံမှန်ထက်ပို၍ ကြီးမားစွာနှင့် တောက်ပစွာ မြင်တွေ့ရခြင်းဖြစ်သည်။ စူပါမွန်းမှာ ပုံမှန်လပြည့်ထက် ၁၄ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ပိုမိုတောက်ပပြီး (၆၉)နှစ်တွင်မှ တစ်ကြိမ်သာဖြစ်ပေါ်ခြင်းဖြစ်ကြောင်း သိရသည်။]

**ရန်ကုန် နိုဝင်ဘာ ၁၄**

တန်ဆောင်မုန်းလသည် တန်ဆောင်တိုင်မီးထွန်းညှိပူဇော်ပွဲ ကျင်းပသည့်လ၊ ကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပသည့်လ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်မှန်း၍ မသိုးရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲများ ကျင်းပသည့်လဖြစ်သကဲ့သို့ တန်ဆောင်မုန်းလပြည့်နေ့ ညတွင် မြတ်စွာဘုရားရှင်က အဇာတသတ်မင်းကြီး အမှူးပြုသော ပရိသတ်တို့အား ရဟန်းပြုခြင်း အကျိုးပြသည့် သာမညဖလသုတ္တန်တရားတော်ကို ဟောကြားတော်မူသည့် သာမညဖလ အခါတော်နေ့ထူးနေ့မြတ်ဖြစ်သည်။

ဤနေ့ရက်မြတ်တွင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုဒါနပြုသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ မင်္ဂလာအခမ်းအနားများကို ရင်ပြင်တော်ရှိ သတ်မှတ်ထားသောနေရာအသီးသီးတို့၌ ကျင်းပသည်။

ရွှေတိဂုံစေတီတော်၏ (၃၂) ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲကို နံနက်အရုဏ်ဦး၌ ရင်ပြင်တော်ရာဟုထောင့် အောင်မြေမှစတင်ကာ ကပ်လှူပူဇော်မည့် မသိုးရွှေကြာသင်္ကန်းများအား ရွှေတိဂုံစေတီတော်ရင်ပြင်တစ်ပတ်လှည့်လည်ပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များက စေတီတော်နှင့် တန်ဆောင်းအသီးသီးရှိ ဗုဒ္ဓရုပ်ပွားတော်များ၌ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ကပ်လှူကြပြီး စေတီတော်ဩဝါဒါစရိယဆရာတော်များနှင့် သံဃာတော်များအား ရောင်တော်ဖွင့်တန်ဆောင်း၌ နံနက်အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ (၁၉) ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲကို ယမန်နေ့ ညဦးပိုင်းက ကျင်းပခဲ့ရာ ပြိုင်ပွဲဝင်စင်တော် ခုနစ်စင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ယနေ့ နံနက်ပိုင်းတွင် စေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးများ၌ မသိုးရွှေကြာသင်္ကန်းတော်များကို ဂေါပကအဖွဲ့များက ဦးဆောင်ကာ ကပ်လှူပူဇော်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ကြေးမုံ

## ကုန်သွယ်ရေးအခွင့်အလမ်းကောင်း

မြန်မာနိုင်ငံမှ ထုတ်ကုန်အမယ်(အမည်) ၅၀၀၀ ကို အမေရိကန်နိုင်ငံမှ အခွန်ကင်း လွတ်တင်ပို့ခွင့်ပြုသည့် ကုန်သွယ်ရေးအထူးခံစားခွင့်ကို ပြန်လည်ပေးအပ်လိုက်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးက ယမန်နေ့က သတင်းထုတ်ပြန်လိုက်သည်ကို ကြားသိရသည်။

ယင်းမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် အမေရိကန်နိုင်ငံသို့ သွားရောက်စဉ် အမေရိကန်သမ္မတက မြန်မာနိုင်ငံအတွက် အထူးကုန်သွယ်ရေး အထူးခံစားခွင့်ကို ထုတ်ပြန်ကြေညာပြီးနောက် အမေရိကန်ကွန်ဂရက်လွှတ်တော်သို့ အသိပေးကာလ ရက်ပေါင်း ၆၀ အကြာတွင် ပေါ်ထွက်လာသော အကျိုးရလဒ်ကောင်းဖြစ်သည်။

နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး (GDP) ကိုကြည့်ရှုလေ့ လာဆန်းစစ်ကြပြီး ၎င်းတန်ဖိုးမြင့်မားမှသာ စီးပွားရေးမြင့်တက်လာသည်။ တစ်ဖက်တွင် တိုင်းပြည်လိုငွေ၊ ပိုငွေပြမှုမှာလည်း အရေးပါပြီး သွင်းကုန်များလျှင် လိုငွေပြပြီး ပို့ကုန်များလျှင် ပိုငွေများကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်။

လက်ရှိတွင် ပြည်တွင်းထုတ်လုပ်မှုအားနည်းသဖြင့် ပြည်ပပို့ကုန်တင်ပို့နိုင်မှု လျော့နည်းနေပြီး သွင်းကုန်သာများနေသဖြင့် တိုင်းပြည်စီးပွားရေးတွင် လိုငွေပြလာသည်။ စီပွားရေးအရ မြန်မာနိုင်ငံအပေါ် နှစ်ရှည်လများ အရေးယူပိတ်ဆို့ထားမှုကို ဖယ်ရှားလိုက်ပြီးနောက် ယခုကဲ့သို့ အခွန်ကင်းလွတ် တင်ပို့ခွင့်ပြုလိုက်ခြင်းသည် မြန်မာနိုင်ငံ၏ ပို့ကုန်ဦးစားပေးနိုင်ရန်အတွက် တွန်းအားတစ်ရပ်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အဓိကပို့ကုန်များမှာ စိုက်ပျိုးသီးနှံ၊ တွင်းထွက်သတ္တုနှင့် သစ်တောထွက်ပစ္စည်းများဖြစ်ကြပြီး အခြားပို့ကုန်များမှာ အနည်းငယ်မျှသာဖြစ်ပြီး အများဆုံး ပို့ကုန်မှာ ဆန်နှင့်ပဲအမျိုးမျိုးဖြစ် သည်။ ယခုကာလတွင် သစ်ထုတ်လုပ်မှုကို လျှော့ချထား၍ ပို့ကုန်အတွက် အားမကိုးနိုင်ချေ။

လက်ရှိတွင် ပို့ကုန်များကို တရုတ်နိုင်ငံဈေးကွက်သို့သာအပို့များပြီး ကျန်နိုင်ငံများမှာ နည်းပါးနေသေးသည်။ ယခုပေါ်ထွက်လာသော အခွင့်အလမ်းအသစ်အရ ဥရောပနိုင်ငံများသာမက အမေရိကန်နိုင်ငံသို့ အဓိကတင်ပို့နိုင်မည်ဖြစ်၍ မိမိတို့၏ ပို့ကုန်အခြေအနေကို ပြန်လည်ဆန်းစစ်ဖို့လိုမည်။

ပြည်ပပို့ကုန်တင်ပို့ရာတွင် ပို့ကုန်ပမာဏနှင့် အရည်အသွေးမှာ အဓိကကျပြီး ပမာဏများပြီး အရည်အသွေးကောင်းမှသာ ထိရောက်သည့် ပို့ကုန်ဖြစ်လာနိုင်သည်။ ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကောင်းမွန်လာမည်ဆိုပါကလည်း ပြည်ပကုန်ကြမ်းများထက် ပြည်တွင်းကုန်ကြမ်း ပမာဏပိုမိုများပြားရမည်ဖြစ်သည်။

ယခုကဲ့သို့ ကုန်သွယ်မှုဆိုင်ရာ အခွင့်အလမ်းကောင်းများ ရရှိလာသည်ဆိုသော်လည်း မိမိတို့၏ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့် ပမာဏကို မြှင့်တင်နိုင်ရန်အတွက် အချိန်ယူကြိုးစားအားထုတ်ကြရဦးမည် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ထုတ်ကုန်များနှင့်ပတ်သက်၍ အားနည်းချက်မှာ အရည်အသွေးမမီခြင်းဖြစ်၍ အရည်အသွေးမီသော ကုန်ပစ္စည်း များဖြစ်စေရန် နည်းပညာနှင့်အရင်းအနှီး အားဖြည့်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဆန်စပါးကို အဓိကစိုက်ပျိုးသော နိုင်ငံဖြစ်၍ အရည်အသွေးပြည့်ဝသောမျိုးများနှင့် ခေတ်မီစိုက်ပျိုးနည်းစနစ်များဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်အောင် အားပေးရမည်ဖြစ်သည်။ လက်ရှိတွင် တောင်သူလယ်သမားများမှာ မိရိုးဖလာ စိုက်ပျိုးလုပ်ကိုင်မှုမှ ရုန်းမထွက်နိုင်သေးချေ။ စိုက်ပျိုးလုပ်ကိုင်နိုင်မှု စွမ်းအား၊ အရည် အသွေးကောင်း၊ ခေတ်မီစိုက်ပျိုးနိုင်မှု၊ စိုက်ပျိုးမြေကောင်း နှင့်ရင်းနှီးမြှုပ်နှံ ချဲ့ထွင်နိုင်မှုတို့ကို အားပေးရဦးမည်ဖြစ်သည်။

ပို့ကုန်များကို ထိုကဲ့သို့အချိန်ယူလုပ်ကိုင်နိုင်ရန် တစ်ချိန်တည်းတွင် ပို့ကုန်အမည်(အမယ်)သစ်များကို ဒေသအသီးသီးတွင် ရှာဖွေဖော်ထုတ်ရင်းစဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ တောင်သူလယ်သမားအများစု ဝမ်းစာနည်းနေချိန်တွင် နိုင်ငံတော်၏ပံ့ပိုးမှု၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းကူညီမှုတို့ဖြင့် စနစ်တကျ ဆောင်ရွက်သွားကြမည်ဆိုပါက ပို့ကုန်များတိုးတက်လာ ဖွယ်ရှိသည်။

ဤကဲ့သို့အခွင့်အလမ်းကောင်းများပေါ်ထွက်နေချိန်တွင် အရည်အသွေးမြင့်ပို့ကုန်များ တိုးတက်ထွက်ရှိရေးအတွက် စိုက်ပျိုးရေးထုတ်ကုန်များကို ဦးစားပေးဖော်ထုတ်ကာ ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် စီးပွားရေးတိုးတက်လာမည်သာမက ဆင်းရဲနွမ်းပါးမှုများပါ လျှော့ချနိုင်မည်ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ လူမှုဖူလုံရေးဆေးခန်းနှင့် အလုပ်သမားဆေးရုံ(ထန်းတပင်)တို့အား ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၁၄

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက စက်မှုဇုန်ရွှေပြည်သာ လူမှုဖူလုံရေး ဆေးခန်းသစ်ဖွင့်လှစ်မည့် တိုက်ခန်းသစ်များ၊ လူမှုဖူလုံရေးအဖွဲ့ ဆေးခန်း ရွှေပြည်သာ (စက်မှုဇုန်)၊ ရွှေပြည်သာ လူမှုဖူလုံရေးဆေးခန်း (တော်ဝင်)၊ ရွှေပြည်သာ လူမှုဖူလုံရေးရုံးခွဲ၊ လူမှုဖူလုံရေးအဖွဲ့အလုပ်သမားဆေးရုံ (ထန်းတပင်)နှင့် လူမှုဖူလုံရေးဆေးခန်း (လှိုင်သာယာ)တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ရွှေပြည်သာစက်မှုဇုန် ရုံးခန်း၌ ရွှေပြည်သာ စက်မှုဇုန် (၂+၃+၄) စက်မှုဇုန်ဥက္ကဋ္ဌ၊ အဖွဲ့ဝင်တို့နှင့် တွေ့ဆုံဆွေးနွေးပြီး အလုပ်သမားဆေးရုံကြီး (ထန်းတပင်)မှ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများနှင့်ဝန်ထမ်းများအား တွေ့ဆုံကာ ဆေးရုံတက်ရောက်ကုသမှု ခံယူနေသော အလုပ်သမားလူနာများအား ကြည့်ရှုအားပေးစကား ပြောကြားကာ ဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**



**(သတင်းစဉ်)**

## ဓမ္မပါလဖောင်ဒေးရှင်း အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ


**ရန်ကုန် နိုဝင်ဘာ ၁၄**

တရားလုပ်ငန်းစဉ်များ တိုးတက်စေရန်၊ တရားလုပ်ငန်းစဉ်များ စည်ပင်စေရန်၊ တရားလုပ်ငန်းစဉ်များ ပြန့်ပွားစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသည့် ဓမ္မပါလဖောင်ဒေးရှင်း (DPF) ၏ (၂)နှစ်မြောက် နှစ်ပတ်လည် အကြိုညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး သာစုကျောင်းတိုက်ရှိ ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

"ဗဟိုရုံးဌာန၊ ပြန်/ဆက်ဌာန၊ နိုင်ငံခြားရေးဌာန၊ ပြည်နယ်/တိုင်းဌာန၊ သာသနာရေးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ ဆောက်လုပ်ရေးဌာန၊ စီမံ/ဘဏ္ဍာဌာန အစရှိသည့် ဓမ္မပါလဖောင်ဒေးရှင်းကို ဌာနကြီး ကိုးခု အဖွဲ့ခွဲ ခုနစ်ခုနဲ့ ဖွဲ့စည်း ထားပါတယ်"ဟု အကျိုးတော်ဆောင်ချုပ် ဆရာတော်က မိန့်ကြားသည်။

ဓမ္မပါလဖောင်ဒေးရှင်း (၂) နှစ်မြောက် နှစ်ပတ်လည်ဆုံစည်းပွဲကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် သာစုကျောင်းတိုက်ရှိ ဓမ္မပါလကျောင်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာနည်မောင်**




## လူကုန်ကူးမှုတားဆီးရေးတပ်ဖွဲ့မှ လူမှောင်ခိုကုန်ကူးမှုနှင့် ပတ်သက်သည်များရှင်းလင်း

**အထက်မင်းလှ နိုဝင်ဘာ ၁၄**

သရက်ခရိုင် မင်းလှမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့စခန်းရုံးခန်းမ၌ ယနေ့ နံနက် ၉ နာရီက လူကုန်ကူးမှုတားဆီးရေးတပ်ဖွဲ့မှ လူမှောင်ခိုကုန်ကူးမှုနှင့် ပတ်သက်သည်များ ရှင်းလင်းခဲ့ကြောင်း သိရသည်။

အမှတ်(၂)လူကုန်ကူးမှုတားဆီးရေးတပ်ဖွဲ့စုမှ ဒု-ရဲအုပ်မြင့်နောင်စိုးက မြို့မရဲစခန်းရှိ တပ်ဖွဲ့ဝင်များအား လူမှောင်ခို၊ လူကုန်ကူးမှုနှင့် ပတ်သက်သော သိသင့်သိထိုက်သည့်အချက်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အရေးယူသည့် အမှုများ၊ ဥပဒေပါအဓိပ္ပာယ်ဖွင့်ဆိုချက်၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ သက်သေ စစ်ဆေးရာတွင် အဓိကထားရမည့် အချက်များအား သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

ကားနှင့် ကားပေါ်ပါလူများ
မီးဘေးအန္တရာယ်
ကင်းဝေးစေရေးအတွက်
"ကား"တိုင်းတွင်
မီးသတ်ဆေးဘူးဆောင်ထားပါ
မီးသတ်ဦးစီးဌာန

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလွဲသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
[illegible] တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး [illegible]
ရန်ကုန်ရုံးခွဲ - [illegible]
မန္တလေး [illegible]

ပြည်တွင်းရေးရာ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သော မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၁၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် အီတလီနိုင်ငံ ရောမမြို့ Fiumicino အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာရာ အီတလီနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမြင့်နောင်နှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် မြန်မာ့တပ်မတော်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံမှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာခဲ့ပြီး ယနေ့နံနက် ၈ နာရီ မိနစ် ၅၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးညိုစော၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးဇော်သိန်းနှင့် တပ်မတော်အရာရှိကြီးများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင်ကျင်းပသည့် ဥရောပသမဂ္ဂစစ်ဘက်ဆိုင်ရာကော်မတီ အစည်းအဝေး (European Union Military Committee-EUMC Meeting )သို့တက်ရောက်ခဲ့ပြီး အီတလီနိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီးသွားရောက်ခဲ့ရာမှ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

❑

# မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ ခြံပြင်တာပေါင်ရိုး ပြုပြင်မွမ်းမံခြင်းလုပ်ငန်း အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်မည်

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်စပ်ရှိ ခြံပြင်တာ ရေငန်တား တာပေါင်ရိုးပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို သက်ဆိုင်ရာပြည်နယ်အစိုးရ ခွင့်ပြုချက်ရရှိထားပြီးဖြစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက နယ်စပ်ဒေသ အေးချမ်းမှုအခြေအနေပေါ်မူတည်၍ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်နိုင်ငံနယ်စပ်မှာရှိတဲ့ ခြံပြင်တာ ရေငန်တား တာပေါင်ရိုး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းကို ပြည်နယ်အစိုးရကလည်း ခွင့်ပြုမိန့်ချထားပြီးဖြစ်တာမို့ အမြန်ဆုံး အကောင်အထည်ဖော်ဖို့ ရှိပါတယ်။ ဒါပေမယ့် နှစ်နိုင်ငံနယ်စပ်ဆိုတော့ နယ်မြေအေးချမ်းမှုအပေါ်မူတည်ပြီးလုပ်ဆောင်ရမှာပါ။ လျာထားရန်ပုံငွေလည်း ခွင့်ပြုချက်ကျလာပြီမို့ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ လဆန်းပိုင်းလောက် စတင်အကောင်အထည်ဖော်လုပ်ဆောင်ဖြစ်မှာပါ"ဟု ဆည်မြောင်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းက ပြောသည်။

ယခုအကောင်အထည်ဖော်ပြုပြင်မည့် နှစ်နိုင်ငံနယ်စပ်ရှိ ခြံပြင်တာ ရေငန်တားတာပေါင်ရိုးသည် တာအရှည် ခြောက်မိုင်ရှိပြီး ရေဘေးကာကွယ်လယ်မြေ ၁၃၃၄ ဧက၊ မိုးစပါးစိုက်ပျိုးနိုင်သည့် လယ်ယာမြေဧက ၇၉၀ ရှိကြောင်း သိရသည်။ ယင်း ရေငန်တား တာပေါင်ရိုးကြီးကို နယ်စပ်ဒေသ အနီးဝန်းကျင်ကျေးရွာနေပြည်သူများ လယ်မြေစပါးနှင့် ကောက်ပဲသီးနှံ ကောင်းမွန်စွာ စိုက်ပျိုးနိုင်ရေးကို ဆည်မြောင်းဦးစီးဌာနက ၁၉၉၆ ခုနှစ်တွင် စတင်အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

"ဒီခြံပြင်တာ ရေငန်တား တာပေါင်ရိုးကြီးကို နိုင်ငံတော်က စတင်အကောင်အထည်ဖော် တည်ဆောက်ဖြစ်ခဲ့တာကတော့ ၁၀ နှစ်ဝန်းကျင်ရှိပါပြီ။ အဓိကကတော့ အနီးဝန်းကျင် ကျေးရွာနေပြည်သူတွေရဲ့ လယ်ယာမြေတွေထဲကို နတ်မြစ်ကနေ ရေငန်ဝင်ရောက်မှု တားဆီးတာဖြစ်ပါတယ်။ အခုလို တာပေါင်နဲ့ တားဆီးလိုက်မှ အနီးဝန်းကျင်မှာနေတဲ့ ပြည်သူတွေအနေနဲ့ လယ်ယာလုပ်ငန်းတွေကို ကောင်းကောင်းမွန်မွန် အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်စားသောက်နိုင်မှာ ဖြစ်ပါတယ်"ဟု ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းက ထပ်မံရှင်းပြသည်။

ခြံပြင်တာ ရေငန်တား တာပေါင်ရိုးကို လယ်ယာမြေနိမ့်မြင့်ပေါ်မူတည်ကာ အနည်းဆုံးအမြင့် လေးပေမှ ခုနစ်ပေအထိ တည်ဆောက်ပြုပြင်မွမ်းမံသွားမည်ဖြစ်ပြီး ထုထည်ပိုင်းအနေဖြင့် အခြေမှာ ၂၁ ပေ ဒုရှိပြီး အမြင့်ထိပ်ဝတွင် ခြောက်ပေရှိမည်ဖြစ်သည်။ တာပေါင်ရိုးကို မြေသား တာပေါင်ရိုးအဖြစ်သာ လတ်တလော လုပ်ဆောင်သွားမည်ဖြစ်ပြီး နောင်ထပ်မံလိုအပ်ပါမှ အဆင့်မြင့်မွမ်းမံမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယခင် တည်ဆောက်ခဲ့သော တာပေါင်ရိုးသည် လတ်တလောပျက်စီးမှုများ ရှိနေခြင်းကြောင့် ယင်းဒေသရှိ လယ်မြေများသို့ နတ်မြစ်မှ ရေငန်များ ဝင်ရောက်နေခြင်းကြောင့် လယ်ယာသီးနှံများနှင့် စပါးများပျက်စီးမှုများ ကြုံတွေ့နေရသည်။ သို့ဖြစ်၍ ယခင်တာပေါင်ရိုးကြီးကို ပြန်လည်တည်ဆောက်ပြုပြင်ပေးရန် ပြည်သူများ၏ တောင်းဆိုမှုကြောင့် ဆည်မြောင်းဦးစီးဌာနက ယခုကဲ့သို့ ပြုပြင်ပေးရန် စီစဉ်ခြင်းဖြစ်သည်။

"ဆည်မြောင်းဦးစီးဌာနက အခု ပြုပြင်ပေးမယ်ဆိုတဲ့ ခြံပြင်တာ တာပေါင်ရိုးဟာ ပျက်စီးနေတာ ကြာပါပြီ။ အနည်းဆုံး သုံးလေးနှစ်လောက်တော့ ရှိလောက်ပြီထင်တယ်။ ကျွန်တော်တို့ ပြင်ဆင်ပေးဖို့ တောင်းဆိုတာကြာပြီ။ အရင်က မြေသားနဲ့ချည်း စတည်ခဲ့တာဆိုတော့ နှစ်အရှည်ကြီးမခံဘူး။ နတ်မြစ်ကလည်း ရေအတက်အကျ ကြမ်းတော့ ပိုဆိုးတာပေါ့။ ပြီးခဲ့တဲ့လကဆို ရေကြီးမှုကြောင့် နတ်မြစ်ဘက်က ရေငန်တွေ ဝင်လာလို့ ဒီဘက် လယ်မြေတွေ တော်တော်လေးကို ပျက်စီးကုန်တယ်"ဟု တာပေါင်ဝန်းကျင် ငါးခူရကျေးရွာမှ ဦးကျော်ဇံမြတ်က ပြောသည်။

ယခုအကောင်အထည်ဖော် ပြုပြင်မွမ်းမံမည့် ခြံပြင်ကဲ့သို့ ရေငန်တား တာပေါင်ရိုးဝန်းကျင်တွင် အသက်မွေးဝမ်းကျောင်းပြု လုပ်ကိုင်စားသောက်သည့် ကျေးရွာများမှာ ရေတွင်းကြမ်း၊ ငါးခူရ၊ ကပ်သပေါင်း၊ ဦးချိန်းကြနှင့် ကျားခေါင်းတောင်ကျေးရွာတို့ဖြစ်ပြီး အများစုမှာ နယ်မြေခံတိုင်းရင်းသားများဖြစ်သည့် မြို၊ ခမီ၊ ဒိုင်းနက်ကြီး၊ မာရာမာကြီးနှင့် ဒေသနေ အစ္စလာမ်ဘာသာဝင်များ နေထိုင်အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည်။ လယ်မြေဧကပေါင်း နှစ်ထောင်ကျော်ရှိပြီး ထက်ဝက်နီးပါးမှာ လယ်မြေများဖြစ်ကာ စပါးကို အဓိကအားထား စိုက်ပျိုးလျက်ရှိကြောင်းနှင့် အခြားကောက်ပဲသီးနှံများနှင့် ရေလုပ်ငန်းကိုလည်း အနည်းငယ် လုပ်ကိုင်ကြကြောင်း သိရသည်။



ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်း

ရေတွင်းကြမ်းကျေးရွာမှ လယ်လုပ်ကိုင်နေသည့် ဒေါ်နွယ်ဘူးနော်က "ကျွန်မတို့ အဓိကအားထား စိုက်ပျိုးနေတဲ့စပါးက အခုဆိုရင် ကောင်းကောင်းမရတာ နှစ်နှစ် မကတော့ပါဘူး။ အဓိကကတော့ ဒီခြံပြင်တာ တာပေါင်ရိုးတွေ ပျက်စီးနေခဲ့တာကြောင့် ရေငန်တွေဝင်ပြီး ပျက်စီးမှုတွေက များခဲ့တာပါ။ ဒီမှာက စပါးကလွဲပြီး အခြားအသက်မွေးဝမ်းကျောင်း လုပ်ကိုင်စားသောက်စရာကလည်း မရှိသလောက်ပါပဲ။ တစ်ခါတစ်ရံ တောင်ပေါ်တက်၊ တစ်ခါတစ်ရံ ရေလုပ်ငန်း အနည်းငယ်လုပ်ပြီး အသက်မွေးဝမ်းကျောင်းပြုရပါတယ်။ ဒါကြောင့် ကျွန်မတို့ကလည်း ဒီတာပေါင်ရိုးကြီးကို ပြန်လည်ပြုပြင်ပေးဖို့ တောင်းဆိုခဲ့တာပါ။ ပြုပြင်ပြီးရင်တော့ အရင်လို ပြန်ပြီးကောင်းကောင်းမွန်မွန် လုပ်ကိုင်စားသောက်လို့ရပါပြီ" ဟု ဆိုသည်။



မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ ခြံပြင်တာ ရေငန်တား တာပေါင်ရိုးကို တွေ့ရစဉ်။

**သတင်း- မောင်စိန်လွင်နှင့်အဖွဲ့**
**ဓာတ်ပုံ- ဆည်မြောင်းဦးစီးဌာန**

# မောင်တောမြို့၌ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ ကျင်းပ

**မောင်တော နိုဝင်ဘာ ၁၄**

ယနေ့တန်ဆောင်မုန်းလပြည့်နေ့တွင် ရခိုင်ပြည်နယ် မောင်တောမြို့ပေါ်ရှိ ဗဟိုလ်ဘုန်းကြီးကျောင်း၌ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ စည်ကားစွာ ကျင်းပသည်ကို တွေ့ရသည်။

"ဒီနေ့ တန်ဆောင်မုန်းလပြည့်နေ့ ဘုန်းကြီးတို့ကျောင်းမှာ ကထိန်သင်္ကန်းလှူဒါန်းပွဲလေးရယ်၊ ဒကာ၊ ဒကာမတွေရဲ့ဆွမ်း၊ ခဲဖွယ်ဘောစဉ်ကပ်လှူတာရယ်၊ ပြီးတော့ သူတို့တစ်တွေ ဒီကနေ့ ကျောင်းကိုလာပြီး ငါးပါးသီလဆောက်တည်တာတွေကို အေးအေးချမ်းချမ်းနဲ့လုပ်နိုင်ခဲ့ပါတယ်။ ဒီနေ့ ကထိန်အလှူကတော့ နယ်မြေအခြေအနေကြောင့် ကထိန်မရသေးတဲ့ မောင်တောမြို့နယ် အောင်သာယာကျေးရွာဆရာတော်ကို ဒကာဦးထွန်းလှစိန်မိသားစုက ဆက်ကပ်လှူဒါန်းတာပါ။ ဒီနှစ်မှာက ခါတိုင်းနှစ်တွေလို ထူးထူးခြားခြားအစီအစဉ်မရှိပါဘူး။ ခါတိုင်းနှစ်တွေလို ပွဲလမ်းသဘင်လုပ်ဖို့ အဆင်မပြေတဲ့အတွက် အခုလိုပဲ ဘာသာရေးပွဲကို အတတ်နိုင်ဆုံးအကျဉ်းချုံးလုပ်လိုက်ရတာပါ။ ပြောရရင် ဒီနှစ်မှာတော့ အလှူရှင်တွေအနေနဲ့ အကြောက်တရားကို တွန်းလှန်ပြီးလုပ်ရတာဆိုတော့ စည်ကားမှုတော့ရှိပေမယ့် ခါတိုင်းနှစ်တွေလိုတော့ မဟုတ်ဘူးပေါ့"ဟု ဗဟိုလ်ကျောင်း ကျောင်းထိုင်ဆရာတော် ဦးသောမက မိန့်ကြားသည်။

မောင်တောမြို့တွင် အောက်တိုဘာ ၉ ရက်က ဖြစ်ပွားခဲ့သော အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်ကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်ခဲ့ကာ ကျောင်းများ၊ ဈေးများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ခဏတာ ရပ်ဆိုင်းခဲ့ရသည်။ ယခုအခါ တည်ငြိမ်မှုအတော်အတန်ရှိလာပြီဖြစ်သဖြင့် လုပ်ငန်းများ ပုံမှန်ပြန်လည် လည်ပတ်စပြုလာပြီဖြစ်သည်။

"ခါတိုင်းနှစ်တွေဆို တန်ဆောင်တိုင်လပြည့်နေ့ရောက်တိုင်း နှစ်စဉ်ပဒေသာပင်လှည့်တဲ့ကားတွေနဲ့ စည်စည်ကားကားဖြစ်ခဲ့ပါတယ်။ ပွဲလမ်းသဘင်တွေလည်း ထည့်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီမှာကတော့ အောက်တိုဘာလကဖြစ်ခဲ့တဲ့ နယ်မြေအခြေအနေတစ်ရပ်ကြောင့် ပွဲလမ်းသဘင်တွေ မထည့်နိုင်ခဲ့ပေမယ့် စည်စည်ကားကားတော့ ကျင်းပနိုင်ခဲ့ပါတယ်။ ယောဂီတွေလည်း ဥပုသ်သီလဆောက်တည်တာ အရင်နှစ်တွေလို ပြည့်လျှံမနေပေမယ့် စည်စည်ကားကားတော့ ရှိပါတယ်"ဟု မောင်တောမြို့တွင် နေထိုင်သည့် ဦးမြသန်းက ပြောသည်။ အလားတူ မောင်တောမြို့ပေါ်ရှိ အလိုတော်ပြည့် ဘုန်းကြီးကျောင်း၊ မြို့မကျောင်းနှင့် သာသနာ့ဗိမာန်တို့၌လည်း ကထိန်သင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်းများ ပြုလုပ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကတိပြုထားသည့်အတိုင်း မက္ကဆီကိုနယ်စပ်၌ တံတိုင်းတည်ဆောက်မည်ဟု ထရန့် ပြော

**ဝါရှင်တန်ဒီစီ နိုဝင်ဘာ ၁၄**

အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရန့်က အမေရိကန်ပြည်ထောင်စုနှင့် မက္ကဆီကိုနယ်စပ်၌ တံတိုင်းတစ်ခု တည်ဆောက်မည်ဆိုသော ၎င်း၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးကတိကဝတ်ကို ထပ်မံပြောကြားလိုက်သည်။

နိုဝင်ဘာ ၁၃ ရက်က CBS ရုပ်သံဌာနနှင့်ပြုလုပ်သော တွေ့ဆုံမေးမြန်းမှုတစ်ခုအတွင်း ထရန့်က ၎င်းသည် နယ်စပ်ဒေသတချို့တွင် တံတိုင်းတစ်ခုတည်ဆောက်မည့် အစား ခြံစည်းရိုးခတ်ခြင်းကို လက်သင့်ခံမည်ဖြစ်သော်လည်း ဒေသတချို့တွင် တံတိုင်းတစ်ခုတည်ဆောက်ခြင်းက ပိုမိုသင့်လျော်ကြောင်း ပြောကြားသည်။ တိုင်းပြည်အတွင်း တရားမဝင်ဝင်ရောက်လာခဲ့သော ပြစ်မှုမှတ်တမ်းများရှိသည့် ပြည်ပမှအခြေစိုက်ရန်ဝင်လာသူများအား နိုင်ငံအတွင်းမှ နှင်ထုတ်ရေးကိုလည်း ထရန့်က ပြောကြားခဲ့သည်။

ဂိုဏ်းသားများနှင့် မူးယစ်ကုန်သည်များအပါအဝင် အမေရိကန်ပြည်ထောင်စုအတွင်း ယင်းသို့သော အခြားနိုင်ငံမှ အခြေစိုက်ရန်ဝင်လာသူ နှစ်သန်း သို့မဟုတ် သုံးသန်းရှိကြောင်း၊ နယ်စပ်ထိန်းချုပ်မှု သေချာအောင်ပြုလုပ်ပြီးပါက ပြည်ပမှအခြေစိုက်ရန် တရားမဝင် ဝင်လာသူများနှင့်ပတ်သက်၍ ဘာပြုလုပ်မည်ဆိုသည်ကို သူဆုံးဖြတ်မည်ဖြစ်ကြောင်း ထရန့်က ဆိုသည်။

နိုဝင်ဘာ ၁၄ ရက်က ထုတ်ပြန်သော ဝါရှင်တန်ပို့စ်သတင်းစာ ABC News စစ်တမ်းသစ်တစ်ရပ်တွင် ထရန့်၏ ရွေးကောက်ပွဲအောင်မြင်မှုကို တရားဝင်သည်ဟု လက်သင့်ခံကြောင်း စစ်တမ်းကောက်ယူခဲ့သည့် အမေရိကန်နိုင်ငံသားများ၏ ၇၄ ရာခိုင်နှုန်းက ပြောကြားသော်လည်း ဟီလာရီကလင်တန် ထောက်ခံသူများ၏ ၃၃ ရာ ခိုင်နှုန်းက လက်သင့်မခံကြောင်း ပြောကြားသည်။ အမေရိကန်ပြည်ထောင်စုတစ်ဝန်း မြို့ကြီးအသီးသီး၌ ထရန့်အား ကန့်ကွက်ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားနေမှုကြောင့် ၎င်းအပေါ် အမေရိကန်နိုင်ငံသားများကြား နက်ရှိုင်းသော ကန့်ကွက်မှုတစ်ရပ် ရှိနေဆဲဖြစ်သည်။

**အင်န်အိတ်ချ်ကေ။**




# ဒေါ်နယ်ထရန့်နှင့် လက်တွဲလုပ်ကိုင်သွားရန် ဆန္ဒရှိသည်ဟု တရုတ်သမ္မတ ရှီကျင့်ဖျင်ပြော

**ပေကျင်း နိုဝင်ဘာ ၁၄**

အမေရိကန်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူ ဒေါ်နယ်ထရန့်နှင့် လက်တွဲလုပ်ကိုင်သွားရန် ဆန္ဒရှိကြောင်း တရုတ်သမ္မတ ရှီကျင့်ဖျင်က နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားလိုက်သည်။

မိမိတို့ နှစ်နိုင်ငံသည် လွန်ခဲ့သည့် ၃၇ နှစ်မှစ၍ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ချိန်မှစ၍ အပြန်အလှန်ဆက်ဆံရေး ပုံမှန်တိုးတက်လာနေကြောင်း၊ ဆက်ဆံရေး သိသိသာသာတိုးတက်မှု၏ ရလဒ်များသည် နှစ်နိုင်ငံ ပြည်သူများအတွက် အကျိုးကျေးဇူးရရှိစေပြီး ဒေသဆိုင်ရာနှင့် နိုင်ငံတကာငြိမ်းချမ်းရေးကို အထောက်အကူပြုကြောင်း သမ္မတရှီက ထရန့်အား တယ်လီဖုန်းဆက်ပြောကြားရာတွင် ဖော်ပြသည်။

ကမ္ဘာပေါ်တွင် အကြီးဆုံး ဖွံ့ဖြိုးဆဲနိုင်ငံနှင့် အကြီးဆုံးဖွံ့ဖြိုးပြီးနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်ရန် မိမိအလေးအနက်ထားကြောင်း သမ္မတရှီက ပြောကြားသည်။

တရုတ်နှင့် အမေရိကန်အကြား မှန်ကန်သော ရွေးချယ်မှုမှာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု ပြုလုပ်ရေးသာလျှင်ဖြစ်ကြောင်း သမ္မတရှီ၏ ပြောကြားချက်ကို ကိုးကားလျက် စီစီတီဗွီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ထရန့်သည် သမ္မတရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလက တရုတ်နိုင်ငံအား ပြင်းပြင်းထန်ထန် ဝေဖန်ပြောကြားခဲ့သူဖြစ်သည်။ မိမိအာဏာရရှိသည့်အခါ တရုတ်နိုင်ငံ၏ သွင်းကုန်ပစ္စည်းများအပေါ် ၄၅ ရာခိုင်နှုန်းအထိ အခွန်ကောက်ယူသွားမည်ဖြစ်ကြောင်း၊ တရုတ်သည် ငွေကြေးကစားသည့် နိုင်ငံဖြစ်ကြောင်း ထရန့်က ပြောကြားခဲ့သည်။

**ရိုက်တာ။**

# အိန္ဒိယဘဏ်များတွင် ငွေလဲလှယ်မှုအခက်အခဲဖြစ်ပေါ်

**နယူးဒေလီ နိုဝင်ဘာ ၁၄**

အစိုးရက တန်ဖိုးကြီးငွေစက္ကူအချို့ တရားမဝင်တော့ကြောင်း ရုတ်တရက် ကြေညာပြီးနောက် ငွေစက္ကူများလဲလှယ်ရန် အလျင်လိုနေသည့်လူများကြောင့် အိန္ဒိယဘဏ်များတွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။

လွန်ခဲ့သည့် အင်္ဂါနေ့တွင် အိန္ဒိယအစိုးရက ၅၀၀ တန်နှင့် ၁၀၀၀ တန် ရူပီးငွေစက္ကူများ တရားမဝင်တော့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ယင်းကြေညာချက်သည် ငွေစက္ကူအတုပြုလုပ်မှုကို တိုက်ဖျက်ခြင်းဖြစ်သည်ဟု ဆိုသည်။

ပြည်သူများအနေဖြင့် ဘဏ်များသို့ သွားရောက်၍ ဖျက်သိမ်းလိုက်သည့် ငွေစက္ကူများကို အသစ်ထုတ်လုပ်သည့် ငွေစက္ကူများနှင့်လဲလှယ်ရန် အစိုးရက ညွှန်ကြားခဲ့သည်။

နိုင်ငံတစ်ဝန်းရှိ ဘဏ်များသည် တနင်္ဂနွေနေ့ကိုပင် ဖွင့်လှစ်၍ ငွေစက္ကူများလဲလှယ်ပေးလျက်ရှိသည်။ ငွေစက္ကူအသစ်များလဲလှယ်ရန် လူပေါင်းများစွာက တန်းစီစောင့်ဆိုင်းနေကြရသည်။ ယင်းကဲ့သို့ အခြေအနေများကြောင့် အချို့ဘဏ်များတွင် စိတ်ပျက်ဒေါသထွက်နေသူအချို့က ပြတင်းပေါက်များရိုက်ခွဲခြင်း သို့မဟုတ် ဘဏ်ဝန်ထမ်းများနှင့် စကားများရန်ဖြစ်ခြင်းများ ဖြစ်ပွားခဲ့သည်။

နယူးဒေလီမြို့တော် ဘဏ်တစ်ခုရှေ့တွင် စောင့်ဆိုင်းနေရသည့် အမျိုးသားတစ်ဦးက အခြေအနေက စိတ်ပျက်စရာကောင်းပြီး ငွေစက္ကူလဲလှယ်ဖို့ ဘာကြောင့် တစ်နေ့လုံးစောင့်နေရသည်ကို နားမလည်ကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနသို့ ပြောကြားသည်။

အခွန်ရှောင်တိမ်းမှုကို တားမြစ်ရန်နှင့် ငွေစက္ကူအတုပြုလုပ်မှုကို တိုက်ဖျက်ရန် လိုအပ်သည့်အတွက် ယခုကဲ့သို့ လုပ်ဆောင်ရခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ် နရိန္ဒြာမိုဒီက တနင်္ဂနွေနေ့တွင် ပြောကြားသည်။ **အင်န်အိတ်ချ်ကေ။**





# ပါကစ္စတန်နှင့် အိန္ဒိယတပ်ဖွဲ့များ ကက်ရှ်မီးယားတွင် အပြန်အလှန်ပစ်ခတ် ပါကစ္စတန် စစ်သား ခုနစ်ဦးနှင့် အိန္ဒိယတပ်သားအချို့ သေဆုံး

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၄**

နှစ်နိုင်ငံပိုင်နက် နယ်မြေအငြင်းပွားနေသည့် ကက်ရှ်မီးယားဒေသတွင် အိန္ဒိယတပ်ဖွဲ့များ၏ ပစ်ခတ်မှုကြောင့် ပါကစ္စတန် စစ်သားခုနစ်ဦး ထက်မနည်း သေဆုံးခဲ့ရကြောင်း ပါကစ္စတန် စစ်ဘက်သတင်းရပ်ကွက်က နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

ပါကစ္စတန်တပ်ဖွဲ့က လက်တုံ့ပြန်သည့်အနေဖြင့် ပြန်လည်ပစ်ခတ်ခဲ့ရာတွင် အိန္ဒိယစစ်သား အချို့လည်း သေဆုံးရကြောင်း ပါကစ္စတန်စစ်ဘက်၏ ပြည်သူ့ဆက်ဆံရေးဌာန (အိုင်အက်စ်ပီအာရ်)က ထုတ်ပြန်သည့် တိုတောင်းသောကြေညာချက်တွင် ဖော်ပြသည်။

အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံစလုံးက ပိုင်ဆိုင်သည်ဆိုသော ကက်ရှ်မီးယားဒေသကိုပိုင်းခြားထားသည့် ထိန်းချုပ်ရေးမျဉ်းကြောင်း (အက်စ်အိုစီ)၏ ဘင်ဘာဒေသတစ်လျှောက်တွင် ယမန်နေ့ညနှောင်းက ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း အိုင်အက်စ်ပီအာရ်၏ ကြေညာချက်တွင် ဖော်ပြသည်။

မိမိတို့က ရန်စလှုံ့ဆော်မှုမရှိဘဲ အိန္ဒိယဘက်က ပစ်ခတ်ခြင်းများအပေါ် ပါကစ္စတန်တပ်ဖွဲ့က ပြန်လည်ပစ်ခတ်ခဲ့ရာတွင် အိန္ဒိယတပ်ဖွဲ့စခန်းများကိုသာ ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး အိန္ဒိယတပ်သားအချို့ သေဆုံးကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# ထောက်လှမ်းရေးသတင်းအချက်အလက်များဖလှယ်ရေး ဂျပန်နှင့် တောင်ကိုရီးယား ပဏာမသဘောတူညီချက်ရ

**တိုကျို နိုဝင်ဘာ ၁၄**

မြောက်ကိုရီးယားနိုင်ငံ၏ ဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများ၊ နျူကလီးယားလှုပ်ရှားမှုများနှင့်ပတ်သက်၍ အရေးကြီးသော သတင်းအချက်အလက်များကို အပြန်အလှန်ဖလှယ်နိုင်ရန် ဖော်ပြသည့် ပဏာမသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၁၄ ရက်တွင် သတင်းထုတ်ပြန်သည်။

စစ်ရေးသတင်းအချက်အလက် လုံခြုံရေးသဘောတူညီချက်ကို ကနဦးအနေဖြင့် ၂၀၁၂ ခုနှစ်တွင် လက်မှတ်ရေးထိုးရန် ရည်မှန်းခဲ့သော်လည်း တောင်ကိုရီးယားနိုင်ငံရှိ အတိုက်အခံအမတ်များက ကန့်ကွက်မှုများပြုလုပ်ခဲ့ကြသဖြင့် တောင်ကိုရီးယားဘက်မှ ဆိုင်းငံ့ထားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ တောင်ကိုရီးယားနိုင်ငံသည် တစ်ချိန်က ဂျပန်၏ကိုလိုနီအဖြစ် ရှိနေခဲ့ရသည်။

ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ တတိယအကျော့ ဆွေးနွေးပွဲပြုလုပ်ခဲ့ရာတွင် သဘောတူညီမှုရရှိခဲ့ပြီး လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အပြီးသတ်သဘောတူညီချက်ရရှိရေးအတွက် ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး နိုဝင်ဘာလကုန်ထက် နောက်မကျဘဲ နှစ်ဖက်တာဝန်ရှိသူများက လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ရကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူများကို ကိုးကားလျက် ကျိုဒိုသတင်းဌာနက သတင်းထုတ်ပြန်သည်။

**ရိုက်တာ။**

# တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ခြောက်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၆/၂၀၁၆)**
**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်**
**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)**

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနက် ခြောက်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက် အမှတ်(၁/၂၀၁၆) တွင်ဖော်ပြထားသည့် အောက်ပါတပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

(၁) ကြည်း ၂၇၄၈၅ ဒုတိယဗိုလ်မှူးကြီးမြင့်ဇော် (အစား) ကြည်း ၂၄၃၁၁ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ
(၂) ကြည်း ၂၅၁၆၁ ဒုတိယဗိုလ်မှူးကြီး နိုင်ဇော်မင်း (အစား) ကြည်း ၂၁၈၉၉ ဗိုလ်မှူးကြီးသန်းအောင်
(၃) ကြည်း ၂၇၉၇၂ ဒုတိယဗိုလ်မှူးကြီး မြတ်မင်းမိုး (အစား) ကြည်း ၃၃၅၉၃ ဗိုလ်မှူးဝင်းမင်းထွန်း
(၄) ကြည်း ၂၉၇၀၉ ဗိုလ်မှူးထင်အောင်ကျော် (အစား) ကြည်း ၃၂၃၉၄ ဗိုလ်မှူးလှညီညီ
(၅) လေ ၂၈၇၉ ဗိုလ်မှူးရဲသီဟထွန်း (အစား) လေ ၁၇၇၃ ဗိုလ်မှူးချုပ်ဦးကျော်
(၆) လေ ၂၈၉၆ ဗိုလ်မှူးမျိုးမင်းမောင် (အစား) ကြည်း ၁၇၂၈၇ ဗိုလ်မှူးချုပ်ဝင်းမောင်

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ်( ၂၇/၂၀၁၆ )**
**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်**
**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)**

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယ အကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၀ ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆ )တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ၁၀ ဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

(၁) ကြည်း ၂၁၅၀၃ ဒုတိယဗိုလ်မှူးကြီးဇော်မိုး (အစား) ကြည်း ၂၈၂၉၂ ဒုတိယဗိုလ်မှူးကြီးသန့်ဆွေ
(၂) ကြည်း ၃၁၉၃၃ ဗိုလ်မှူးနေအောင်ဦး (အစား) ကြည်း ၃၇၂၃၂ ဗိုလ်မှူးမင်းအောင်ဖြိုး
(၃) ကြည်း ၂၇၃၅၆ ဗိုလ်မှူးဝင်းသိန်း (အစား) ကြည်း ၃၂၅၇၇ ဗိုလ်မှူးဇော်ဝင်းဦး
(၄) ကြည်း ၃၀၅၇၇ ဗိုလ်မှူးတင်မောင်ဝင်း (အစား) ကြည်း ၃၂၈၅၀ ဗိုလ်မှူးကျော်စိုးဦး
(၅) ကြည်း ၃၃၅၆၅ ဗိုလ်မှူးမျိုးမင်းသန့် (အစား) ကြည်း ၃၇၆၃၄ ဗိုလ်မှူးနိုင်သူ
(၆) ကြည်း ၃၅၆၀၀ ဗိုလ်မှူးသန်းဇော်ထွန်း (အစား) ကြည်း ၂၁၇၅၀ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း
(၇) ကြည်း ၃၆၂၅၃ ဗိုလ်မှူးဖြိုးဝေတင့် (အစား) ကြည်း ၃၈၀၅၁ ဗိုလ်မှူးထက်လင်း
(၈) ကြည်း ၃၈၄၈၀ ဗိုလ်မှူးဝင်းနိုင်ဦး (အစား) ကြည်း ၃၇၂၆၄ ဗိုလ်မှူးသက်မင်းဦး
(၉) ကြည်း ၃၈၅၉၆ ဗိုလ်မှူးမင်းခန့် (အစား) ကြည်း ၄၁၈၀၈ ဗိုလ်မှူးစိုးရာဇာသိုက်
(၁၀) ရေ ၄၁၅၄ ဗိုလ်မှူးကိုကို (အစား) ကြည်း ၄၀၅၇၄ ဗိုလ်မှူးနိုင်မြင့်

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



# လျှပ်စစ်မီးထွန်းညှိပူဇော်

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသည့် လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီး) ဘုရားကို နိုဝင်ဘာ ၁၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက်ပိုင်းတွင် လျှပ်စစ်မီးများဖြင့် ထွန်းညှိပူဇော်ထားပြီး ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

**(၆၈၄)**

■

# တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃၀ ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၈/၂၀၁၆ )**
**၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၅ ရက်**
**(၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်)**

**တပ်မတော်သားတိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃၀ ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားတိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃၀ ဦးတို့ကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈-၁-၂၀၁၆ ရက်စွဲပါကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၆) တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ၃၀ ဦးတို့အား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

**ကချင်ပြည်နယ်လွှတ်တော်**
(၁) ကြည်း ၂၈၃၉၈ ဗိုလ်မှူးစိုးနိုင် (အစား) ကြည်း ၂၇၄၃၀ ဗိုလ်မှူးသိန်းဇော်ဦး

**ကရင်ပြည်နယ်လွှတ်တော်**
(၂) ကြည်း ၃၂၃၇၇ ဗိုလ်မှူးထင်လင်းကျော် (အစား) ကြည်း ၃၄၇၀၂ ဗိုလ်မှူးဝင်းမင်းလွင်
(၃) ကြည်း ၃၂၄၁၄ ဗိုလ်မှူးဟိန်းမောင်မြင့် (အစား) ကြည်း ၃၄၈၆၆ ဗိုလ်မှူး လင်းထွန်း

**စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်**
(၄) ကြည်း ၃၁၃၆၆ ဗိုလ်မှူးသိန်းထူး (အစား) ကြည်း ၅၃၈၆၅ ဗိုလ်ကြီးညဏ်ထွန်း
(၅) ကြည်း ၃၅၇၈၂ ဗိုလ်မှူးကျော်သူရဝင်း (အစား) ကြည်း ၃၆၆၃၈ ဗိုလ်မှူးဇော်မျိုးရီ
(၆) ကြည်း ၃၉၀၀၀ ဗိုလ်မှူးညဏ်မင်းမောင် (အစား) ကြည်း ၃၈၈၀၉ ဗိုလ်မှူးသက်ဝင်း

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**
(၇) ကြည်း ၂၇၅၁၉ ဗိုလ်မှူးဆွေလွင်အောင် (အစား) ကြည်း ၃၄၈၃၆ ဗိုလ်မှူး ကိုမင်း

**ပဲခူးတိုင်းဒေသကြီးလွှတ်တော်**
(၈) ကြည်း ၂၉၆၉၉ ဒုတိယဗိုလ်မှူးကြီး တင်မျိုးနောင် (အစား) ကြည်း ၂၄၀၅၀ ဗိုလ်မှူးလှမိုးသိန်း
(၉) ကြည်း ၃၀၀၈၃ ဗိုလ်မှူးရဲမောင် (အစား) ကြည်း ၂၅၁၇၄ ဗိုလ်မှူးစောစိန်ကျော်
(၁၀) ကြည်း ၃၅၆၀၆ ဗိုလ်မှူးဇေယျာဦး (အစား) ကြည်း ၃၁၃၆၆ ဗိုလ်မှူး သိန်းထူး

**မကွေးတိုင်းဒေသကြီးလွှတ်တော်**
(၁၁) ကြည်း ၂၇၁၈၅ ဗိုလ်မှူးမြင့်သီဟ (အစား) ကြည်း ၃၀၀၈၃ ဗိုလ်မှူးရဲမောင်
(၁၂) ကြည်း ၂၉၅၆၄ ဗိုလ်မှူးရဲမြင့် (အစား) ကြည်း ၃၂၅၇၁ ဗိုလ်မှူးမြင့်နိုင်

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**
(၁၃) ကြည်း ၂၄၂၃၁ ဗိုလ်မှူးကျော်သူလွင် (အစား) ကြည်း ၂၀၅၇၃ ဗိုလ်မှူးစိုးမြင့်ဦး
(၁၄) ကြည်း ၃၅၆၃၁ ဗိုလ်မှူးညဏ်ဖြိုးခိုင် (အစား) ကြည်း ၂၀၃၀၄ ဗိုလ်မှူးတင်ထွန်း

**မွန်ပြည်နယ်လွှတ်တော်**
(၁၅) ကြည်း ၂၀၅၇၃ ဗိုလ်မှူး စိုးမြင့်ဦး (အစား) ကြည်း ၂၁၃၈၄ ဗိုလ်မှူးစိုးသူရ
(၁၆) ကြည်း ၂၄၀၅၀ ဗိုလ်မှူးလှမိုးသိန်း (အစား) ကြည်း ၃၈၄၆၄ ဗိုလ်မှူးမျိုးဇော်အောင်

**ရခိုင်ပြည်နယ်လွှတ်တော်**
(၁၇) ကြည်း ၂၈၀၆၄ ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်းအေး (အစား) ကြည်း ၃၉၄၁၄ ဗိုလ်ကြီးလူမော်မြင့်
(၁၈) ကြည်း ၃၂၅၇၁ ဗိုလ်မှူးမြင့်နိုင် (အစား) ကြည်း ၃၇၉၆၀ ဗိုလ်မှူးထွန်းကိုကိုလတ်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**
(၁၉) ကြည်း ၃၀၀၆၄ ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထွန်း (အစား) ကြည်း ၂၈၅၂၁ ဗိုလ်မှူး မော်သူရိန်
(၂၀) ကြည်း ၂၀၃၀၄ ဗိုလ်မှူးတင်ထွန်း (အစား) ကြည်း ၂၅၃၀၃ ဗိုလ်မှူးဝင်းဟန်
(၂၁) အင်န် ၅၆၄ ဗိုလ်မှူးဒေါ်နှင်းယုကျော် (အစား) အင်န် ၇၂၁ ဗိုလ်မှူးဒေါ်မော်မော်သန်း

**ရှမ်းပြည်နယ်လွှတ်တော်**
(၂၂) ကြည်း ၂၁၃၈၄ ဗိုလ်မှူးစိုးသူရ (အစား) ကြည်း ၂၇၁၈၅ ဗိုလ်မှူးမြင့်သီဟ
(၂၃) ကြည်း ၂၅၁၇၄ ဗိုလ်မှူး စောစိန်ကျော် (အစား) ကြည်း ၃၇၂၅၄ ဗိုလ်မှူးရဲမြင့်ထွန်း
(၂၄) ကြည်း ၂၅၃၀၃ ဗိုလ်မှူးဝင်းဟန် (အစား) ကြည်း ၃၈၉၄၇ ဗိုလ်မှူးအေးမင်းထိုက်
(၂၅) ကြည်း ၂၇၄၃၀ ဗိုလ်မှူး သိန်းဇော်ဦး (အစား) ကြည်း ၂၈၃၉၈ ဗိုလ်မှူးစိုးနိုင်
(၂၆) ကြည်း ၂၈၂၄၂ ဗိုလ်မှူး နေမျိုးဦး (အစား) ကြည်း ၂၉၆၉၉ ဒုတိယဗိုလ်မှူးကြီး တင်မျိုးနောင်
(၂၇) ကြည်း ၃၅၆၅၂ ဗိုလ်မှူး ကျော်ကျော်ဝေ (အစား) ကြည်း ၃၀၀၆၄ ဒုတိယဗိုလ်မှူးကြီး ဇော်မျိုးထွန်း
(၂၈) ကြည်း ၃၅၉၃၆ ဗိုလ်မှူး ရီမွန် (အစား) အင်န် ၅၆၄ ဗိုလ်မှူးဒေါ်နှင်းယုကျော်

**ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်**
(၂၉) ကြည်း ၂၈၅၂၁ ဗိုလ်မှူးမော်သူရိန် (အစား) ကြည်း ၃၇၃၆၄ ဗိုလ်မှူးမင်းသူ
(၃၀) ကြည်း ၅၃၈၆၅ ဗိုလ်ကြီးညဏ်ထွန်း (အစား) ကြည်း ၃၇၉၆၁ ဗိုလ်မှူးကိုကိုမောင်

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# သိစေချင်လို့ ရှင်းပြချင်တာလေးတွေ

**ရဲတင့်**

ဟိုတလောက ရန်ကုန်မှာ ကျင်းပတဲ့ 5th Media Conference ကို တက်ရောက်လေ့လာခဲ့ပါတယ်။ အငြိမ်းစားယူပြီးပြီဆိုတော့ တိုက်ရိုက်မသက်ဆိုင်တော့ပေမယ့် ဆက်စပ်မှုလေးတွေရှိနေတော့ လိုအပ်ရင်လည်း ဝေဖန်၊ရှင်းပြသင့်ရင် ရှင်းပြချင်တာပါပဲ။ အဲဒီမှာလည်း ဆွေးနွေးကြပါတယ်။ သတင်းမီဒီယာသမားတွေ တရားစွဲဆိုခံနေရတဲ့ကိစ္စ ရှင်းပြချင်လို့ လက်ထောင်ခဲ့ပေမယ့် အချိန်မရလို့ ကိုယ့်အလှည့်မရောက်ခဲ့ပါ။

သတင်းမီဒီယာကောင်စီရှိနေပါလျက်နဲ့၊ သတင်းမီဒီယာဥပဒေ ပြဋ္ဌာန်းထားပါလျက်နဲ့ ထစ်ခနဲဆို တရားစွဲနေကြတယ်ဆိုတဲ့ကိစ္စပေါ့။ သတင်းမီဒီယာဥပဒေပုဒ်မ ၂၁ မှာ သတင်းမီဒီယာသမားတစ်ဦးသည် ဥပဒေပါ တာဝန်နှင့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်းယူဆလျှင် ရှေးဦးစွာ ကောင်စီသို့ တိုင်ကြားနိုင်သည်လို့ ပြဋ္ဌာန်းထားပါလျက်နဲ့ တရားရုံးမှာ တရားစွဲနေကြတယ်လို့ တရားစွဲတဲ့သူတွေကို အပြစ်မြင်သဘောနဲ့ ဆွေးနွေးကြတယ်။

ဒါနဲ့ဆက်စပ်မှုရှိမယ်ထင်တယ်။ မနေ့တစ်နေ့က သတင်းစာတစ်စောင်မှာ သတင်းမီဒီယာဥပဒေကို အစိုးရအဖွဲ့အစည်းများ လိုက်နာမှုမရှိကြောင်း၊ သတင်းမီဒီယာလောကရဲ့ ဆရာသမားကြီးတစ်ယောက်က သုံးသပ်ပြောဆိုတဲ့သတင်းကို ဖတ်လိုက်ရတယ်။ ကွန်ဖရင့်တုန်းက အချိန်မရလို့၊ အလှည့်မပေးလို့ ပြန်လှန်မဆွေးနွေးခဲ့ပေမယ့် ခုလိုသတင်းစာမှာ တိတိလင်းလင်းကြီးပါလာတော့ ရှင်းပြသင့်တယ်လို့ ရေးမိပါတယ်။ အဲဒီလိုရှင်းမပြမိခဲ့ရင် ဒီအတွေးအခေါ်ကြီးက မှန်နေသလားလို့ ထင်သွားကြလိမ့်မယ်ဆိုတဲ့ အတွေးလည်း ပါပါတယ်။

ကျွန်တော် ဥပဒေသမားမဟုတ်ပါ။ ဥပဒေကို ကျွမ်းကျွမ်းကျင်ကျင် နားမလည်ပါ။ သို့သော် ကျွန်တော်ဌာနအကြီးအကဲအဖြစ် တာဝန်ယူစဉ်က ကိုယ်တိုင်ပါဝင်ရေးဆွဲခဲ့တဲ့ ဒီသတင်းမီဒီယာဥပဒေအပေါ်မှာ ခုလိုအယူအဆကွဲလွဲတာတွေ့ရတော့ ရှင်းပြချင်မိပါတယ်။

အဲဒီကွန်ဖရင့်မှာပဲ တစ်ယောက်က ထဆွေးနွေးပါတယ်။ သတင်းမီဒီယာဥပဒေ လွှတ်တော်မှာ ဆွေးနွေးစဉ်က သူတို့လည်း လွှတ်တော်မှာ ပြောဆိုဆွေးနွေးတာပဲ။ ဒါပေမယ့် သူတို့ပြောသလို မဖြစ်ဘဲ ဝန်ကြီးဌာနက လိုချင်တဲ့အတိုင်းဖြစ်အောင် လုပ်သွားတယ်။ ဝန်ကြီးဌာနက လွှတ်တော်ကို အနိုင်ကျင့်သွားတယ်တဲ့။ ဒီအတိုင်းပြောသွားတယ်။"ဒုက္ခပါပဲ" တကယ်သာ ဟုတ်ခဲ့ရင် တော်တော်အန္တရာယ်ကြီးမှာပဲလို့ လူတွေက တွေးမိကြမှာပါ။ တော်သေးတာပေ့ါ။ တကယ်တမ်းက သူပြောတာ ဟုတ်မှ မဟုတ်ဘဲ။

သတင်းမီဒီယာဥပဒေကို ရေးဆွဲဖို့ ကျွန်တော်တို့ ဝန်ကြီးဌာနနဲ့ စာနယ်ဇင်းကောင်စီ (ယာယီ)တို့ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ စာနယ်ဇင်းကောင်စီ (ယာယီ)ပြုစုတဲ့မူကြမ်းကို ၂၃-၈-၂၀၁၃ ရက်က အမျိုးသားလွှတ်တော်မှာ လွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်က တင်သွင်းခဲ့တာပါ။

သတင်းမီဒီယာဥပဒေကြမ်းအဖြစ်နဲ့ လွှတ်တော်အသီးသီးရဲ့ ဥပဒေကြမ်းကော်မတီများရဲ့ ရှေ့မှောက်မှာ တာဝန်ရှိတဲ့ ဝန်ကြီးဌာနကရော ရှေ့နေချုပ်ရုံးကရော အဲဒီတုန်းက စာနယ်ဇင်းကောင်စီ(ယာယီ)ရော တစ်ဖက်နဲ့တစ်ဖက် လိုချင်တာ၊ ပါချင်တာ၊ မပါချင်တာ၊ ဖြည့်စွက်ချင်တာ၊ ပယ်ဖျက်ချင်တာ၊ ဖြုတ်ချင်တာ၊ တိုးချင်တာ၊ မသင့်တော်တာ၊ သင့်တော်တာတွေ အမျိုးမျိုး အပြန်အလှန် အကြိမ်ပေါင်းများစွာ ဆွေးနွေးကြ၊ ငြင်းကြ၊ ခုံကြ၊ ပြင်ကြ၊ ဆင်ကြနဲ့ အများကလက်ခံသဘောတူလို့ လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်တဲ့ဥပဒေပါ။ ဥပဒေကို ထိန်းသိမ်းဆောင်ရွက်ရမယ့် တာဝန်ရှိတဲ့ဌာနနဲ့ ဥပဒေကို လိုက်နာရမယ့် မီဒီယာသမားများအကြား အပေးအယူ၊ အလျှော့အတင်း၊ ညှိနှိုင်းဆွေးနွေးမှုတွေနဲ့ ဖြစ်သင့်တဲ့ အတိုင်းအတာကို အတည်ပြုခဲ့တဲ့ ဥပဒေဆိုတာ ပထမဆုံး ရှင်းပြချင်ပါတယ်။

သို့သော် ယခုပြဋ္ဌာန်းနိုင်ပြီဖြစ်တဲ့ သတင်းမီဒီယာဥပဒေအပါအဝင် မည်သည့်ဥပဒေမှ ပြီးပြည့်စုံသည့် ဥပဒေဟုမဆိုနိုင်ပါ။ အားနည်းချက်ကတော့ ရှိနိုင်ပါတယ်။

ဒီနေရာမှာ ဥပဒေမှာပါတဲ့ အချက်တစ်ချက်နဲ့ ပတ်သက်လို့ ပြင်ခဲ့ရတာကို ရှင်းပြချင်ပါတယ်။ အဲဒါကတော့ ပုဒ်မ ၂၁ ကို စာနယ်ဇင်းကောင်စီ(ယာယီ) ဘက်က မူလအဆိုပြုခဲ့တာက **"ရှေးဦးစွာ ကောင်စီသို့ တိုင်ကြားရမည်"**ပါ။ ဒါကို လွှတ်တော်ဥပဒေကြမ်းကော်မတီ ရှေ့မှောက်မှာ အချိန်အတော်ကြာကြာ ငြင်းခုံဆွေးနွေးခဲ့ကြရပါတယ်။ ဥပဒေကြမ်းကော်မတီမှာပါတဲ့ လွှတ်တော်ကိုယ်စားလှယ်အများစုက "ရမည်"ဆိုတာ မဖြစ်သင့်ကြောင်း၊ နစ်နာသူကာယကံရှင်ရဲ့ အခွင့်အရေးအတိုင်းသာ ဖြစ်သင့်ကြောင်း၊ သူတစ်ပါးအခွင့်အရေးကို မပိတ်ပင်သင့်ကြောင်း၊ ဟိုလိုလုပ်ရမယ်၊ ဒီလိုလုပ်ရမယ်လို့ ဥပဒေမှာ တရားသေ မပြဋ္ဌာန်းသင့်ကြောင်း၊ နစ်နာသူရဲ့ သဘောဆန္ဒအတိုင်း တည်ဆဲဥပဒေများနှင့်အညီသာ ပြုလုပ်ခွင့်ပေးသင့်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြလို့ လွှတ်တော်ကလည်း ဒီအချက်က ပိုပြီးသင့်တော် မှန်ကန်မယ်လို့ထင်လို့ "နိုင်သည်"ဆိုပြီး ဖြစ်ခဲ့ကြတာပါ။ ပြောချင်တာက ဝန်ကြီးဌာနက လွှတ်တော်ကို အနိုင်ကျင့် ခဲ့တာမဟုတ်ဘဲ ဒီမိုကရေစီနည်းကျကျ အများရဲ့သဘောတူညီချက်နဲ့ ဆောင်ရွက်ခဲ့တယ်ဆိုတာကိုပါ။

ဒါကြောင့် သတင်းမီဒီယာဖော်ပြချက်တစ်ခုခုကြောင့် "နစ်နာသော ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်"ဆိုရာမှာ တစ်ဦးချင်းတစ်ယောက်ချင်းမှအစ အဖွဲ့အစည်းတွေအထိပါ အကျုံးဝင်သလို အဲဒီအထဲမှာ အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများလည်း ပါဝင်ပါတယ်။ ဒီနေရာမှာ နစ်နာသူဘက်က ထည့်စဉ်းစားရမှာပါ။ မီဒီယာတစ်ခုတည်းဘက်ကပဲ စဉ်းစားဖို့ဆိုတာ ဖြစ်သင့်၊ မဖြစ်သင့် စဉ်းစားကြည့်ရင် သိနိုင်မှာပါ။ တကယ်တမ်း တစ်ဖက်သတ်ပဲ စဉ်းစားတယ်ဆိုရင်တော့ တရားမျှတမှုရှိမှာ မဟုတ်ပါ။

နစ်နာသူက သူဘယ်လောက်အထိ နစ်နာသွားသလဲ၊ ဘယ်လောက်အထိ ထိခိုက်သွားသလဲဆိုတဲ့ပေါ်မှာ မူတည်ပြီး သူ့ဘာသာ ဆုံးဖြတ်လုပ်ဆောင်ခွင့်ရှိပါတယ်။ ဘာမှမလုပ်ဘဲ သည်းခံပြီးနေချင်လည်း နေမယ်၊ သွားပြီး ရန်ဖြစ်ချင်ရင်လည်းဖြစ်မယ်၊ ကော်ဆဲချင်လည်း ဆဲမယ်၊ ကောင်စီကို တိုင်ချင်လည်း တိုင်မယ်၊ ဖွဲ့စည်းထားတဲ့ ကော်မတီတွေကို တိုင်ချင်လည်းတိုင်မယ်၊ တရားစွဲချင်လည်း စွဲမှာပဲ၊ ဒါကို သတင်းမီဒီယာကောင်စီမတိုင်ဘဲနဲ့ ပုဂ္ဂလိကတွေရော အစိုးရရော သူတို့ဘာသာထတိုင်တာပေ့ါဆိုပြီး အစိုးရအဖွဲ့အစည်းများက သတင်းမီဒီယာဥပဒေကို လိုက်နာမှုမရှိဘူးလို့စွပ်စွဲတာတော့ နည်းနည်းလွန်သွားမယ်ထင်တယ်။ ကောင်စီကို တိုင်ချင်တိုင်မယ်၊ မတိုင်ချင် မတိုင်ဘူး၊ တရားစွဲချင်စွဲမယ်၊ မစွဲချင်မစွဲဘူး။ ဒါကသတင်းမီဒီယာဥပဒေပုဒ်မ ၂၁ မှာ ပြဋ္ဌာန်းထားတဲ့ အတိုင်း လုံးဝလိုက်နာတာပါပဲဆိုတာ ရှင်းလင်းပါတယ်။

ဒီနေရာမှာ နစ်နာသူက သတင်းမီဒီယာဥပဒေနဲ့ စွဲချင်မှ စွဲမယ်။ သူနစ်နာတဲ့အလျောက် သက်ဆိုင်တဲ့၊ ဆက်စပ်ပတ်သက်တဲ့၊ ပိုပြီးထိရောက်မယ်ထင်တဲ့ ဥပဒေနဲ့အညီ တရားစွဲချင်စွဲမယ်။ ဒါနစ်နာသူရဲ့ လုပ်ပိုင်ခွင့်ပါ။ ဦးဖုန်းမြင့်အောင်တင်တဲ့ ဥပဒေကြမ်းမှာတုန်းက ပုဒ်မ ၂၅ မှာ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း တည်ထောင်ထားသော သတင်းမီဒီယာလုပ်ငန်းအားလုံးရှိ သတင်းမီဒီယာသမားတို့၏ တာဝန်၊ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်မှုနှင့် တားမြစ်ချက်များ ချိုးဖောက်သည့် အမှုများကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရသာ အရေးယူရပါမည်"လို့ပါပါတယ်။ စဉ်းစားကြည့်ပါ။ နိုင်ငံသား တစ်ဦးချင်းရဲ့ ကိုယ်ပိုင်အခွင့်အရေးကို ဒီလိုချုပ်ချယ်သင့်ပါသလား။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်တွေက စဉ်းစားပြီး အဲဒီဥပဒေကြမ်းကို စတင်ပြီးတင်ခဲ့တဲ့ အဲဒီအမျိုးသားလွှတ်တော်ကပဲ အဲဒီမူကြမ်းပုဒ်မကိုပယ်ဖျက်ခဲ့တာပါ။ ဥပဒေပြဋ္ဌာန်းတော့ အဲဒီပြဋ္ဌာန်းချက်မပါတော့ပါဘူး။ ဒါကနေရာတကာမှာ ထစ်ခနဲဆို အစိုးရအဖွဲ့အစည်းကိုပဲ အပြစ်ဖို့ချင်နေကြသူများ သိစေဖို့ သာဓကတစ်ခုပါ။

ဒါကြောင့် နစ်နာသူက သူနစ်နာသလောက် သူကျေနပ်တဲ့အထိ တည်ဆဲဥပဒေတစ်ရပ်ရပ်နဲ့အရေးယူတာ၊ တရားစွဲတာ ဥပဒေနဲ့ညီပါတယ်။ ဥပဒေပြဋ္ဌာန်းချက်အတိုင်းပါပဲ။ အစိုးရနဲ့ နစ်နာသူ ပုဂ္ဂလိကတွေကပဲ တရားစွဲတဲ့အလေ့အကျင့် လုပ်နေသလား၊ မီဒီယာသမားတွေ အချင်းချင်းကရော တရားစွဲတာမရှိကြတော့ဘူးလား။ နောက်တစ်ခုက အစိုးရကရော မီဒီယာတွေရဲ့ချို့ယွင်းအားနည်းချက်တွေကို ပြုပြင်ထိန်းသိမ်းပေးဖို့ ကောင်စီကို ညှိနှိုင်းတာမျိုးတစ်ခါမှ မရှိခဲ့ဘူးလား။ ကိုယ်တိုင်လုပ်ဆောင်ခဲ့ရလို့ စာနယ်ဇင်းကောင်စီ(ယာယီ)ကို အကြိမ်ကြိမ် ညှိနှိုင်းခဲ့ဖူးတဲ့ သာဓကတွေ အများကြီးရှိပါတယ်။

ဒီနေရာမှာ ကြုံကြိုက်လို့ အခုလိုပြဿနာတွေဖြစ်ရတဲ့ အကြောင်းရင်းတွေနဲ့ ဆက်စပ်ပြီး တစ်ချက်ရှင်းပြချင်ပါတယ်။ သတင်းမီဒီယာဥပဒေပုဒ်မ ၄၊ ၅၊ ၆၊ ၇၊ ၈ တွေမှာ သတင်းမီဒီယာသမားတွေရဲ့အခွင့်အရေးများ ပြဋ္ဌာန်းထားသလို သတင်းမီဒီယာသမားများ လိုက်နာရမည့် တာဝန်နှင့် ကျင့်ဝတ်ကိုလည်း ပုဒ်မ ၉ အဖြစ် အချက်(၉)ချက်နဲ့ ပြဋ္ဌာန်းထားပါတယ်။ မမှန်တဲ့သတင်းမဖြစ်ဖို့ အရေးကြီးပါတယ်။ တိကျမှန်ကန်ဖို့ တတ်နိုင်သမျှစိစစ်ပြီးမှ ရေးရပါမယ်။ ဒါတွေကို အတိအလင်းဖော်ပြထားပြီးသားပါ။

နောက်တစ်ခုက ဝေဖန်ထောက်ပြ၊ အကြံပြုတာနဲ့ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုရဲ့ ဂုဏ်သိက္ခာကို တမင်ထိခိုက်စေသော အရေးအသား၊ လူ့အခွင့်အရေးကို ထိခိုက်စေသော အရေးအသားမျိုးဆိုတာ လုံးဝမတူပါဘူး။ ဒါကိုရော ကျိတ်ပြီး၊ ကိုယ်လိုချင်တာတွေးပြီး တခြားလူ လုပ်ပိုင်ခွင့်ရှိတဲ့ အခွင့်အရေးကို လုပ်တာကို လွန်တယ်လို့ မထင်ကြစေချင်ပါဘူး။

နစ်နာရင် နစ်နာသူက နစ်နာသလောက် လုပ်ပါလိမ့်မယ်။ လွတ်လပ်တာနဲ့ စော်ကားတာ၊ လွတ်လပ်တာနဲ့ ပုတ်ခတ်တာ၊ လွတ်လပ်တာနဲ့ သိက္ခာချတာ လုံးဝမတူပါဘူး။ မီဒီယာသမားကို ထိခိုက်နေလို့ ဟိုဥပဒေဖျက်သင့်တယ်၊ ဒီဥပဒေပြင်သင့်တယ်ဆိုတာမျိုးကလည်း ကြုံတိုင်းကြုံတိုင်း ပြောသင့်တဲ့စကားတွေတော့ မဟုတ်ပါဘူး။ ဘယ်ကိစ္စမဆို အရာရာကို ရှုထောင့်အမျိုးမျိုးက၊ ဘက်ပေါင်းစုံကနေ စဉ်းစားဆင်ခြင်ပြီး ဆောင်ရွက်သင့်ပါတယ်။ တကယ်တော့ ဥပဒေဆိုတာ အထိန်းအကွပ်ပါ။ လိုက်နာရင် ဘာမှမဖြစ်ပါ။ ဒီနေ့ အရေးယူမခံရတဲ့ မီဒီယာသမားတွေ၊ မီဒီယာဌာနတွေ၊ ဂျာနယ်တွေ၊ သတင်းစာတွေ အများကြီးပါ။ သူတို့ ဘာလို့ အမှုအခင်းတွေ မဖြစ်ကြလဲ၊ ရှင်းပါတယ်။ သူတို့ရဲ့ တာဝန်နဲ့ ကျင့်ဝတ်တွေအတိုင်း လုပ်နေကြလို့ပါ။ ဒါကို ကျော်လွန်ပြီး မလိုက်နာရင်တော့ ဥပဒေအတိုင်းပဲ ရင်ဆိုင်ကြရမှာပဲ။

တကယ်တော့ ကျွန်တော် ဒီဆောင်းပါးကို မည်သူ့ကိုမျှ ပုဂ္ဂိုလ်ရေးအရ ထိခိုက်စော်ကားစေချင်တဲ့ ဆန္ဒနဲ့ ရေးသားရခြင်း မဟုတ်ပါဘူး။ သတင်းမီဒီယာဥပဒေဖြစ်ပေါ်လာပုံ၊နောက်ဥပဒေပါအကြောင်းအချက်များအပေါ် အချို့လူတွေက နားလည်မှု လွဲနေတာလေးတွေရှိရင် အမှန်ကို မြင်စေချင်တဲ့ဆန္ဒ တစ်ခုတည်းပါ။ ဘယ်သူ့တိုက်တွန်းချက်နဲ့မှ ရေးတာမဟုတ်လို့ ကိုယ့်လိပ်ပြာ ကိုယ်လုံပါတယ်။ ကျွန်တော်က အခုအငြိမ်းစားပါ။ ဒါပေမယ့် ဒီကိစ္စရပ်တွေမှာ ကိုယ်တိုင်ထဲထဲဝင်ဝင် ပါဝင်ပတ်သက်ခဲ့ဖူးသူတစ်ယောက်အနေနဲ့ တာဝန်ရှိတယ်ထင်လို့ ရှင်းပြခြင်းသာဖြစ်ပါတယ်။

တကယ်တော့ ဥပဒေအထက်မှာ ဘယ်သူမှ မရှိပါဘူး။ ဒီအထဲမှာလည်း သတင်းမီဒီယာသမားများလည်း ပါဝင်ကြောင်းပါ။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ။

> **တကယ်တော့ ဥပဒေဆိုတာ အထိန်းအကွပ်ပါ။ လိုက်နာရင် ဘာမှမဖြစ်ပါ။ ဒီနေ့ အရေးယူမခံရတဲ့ မီဒီယာသမားတွေ၊ မီဒီယာဌာနတွေ၊ ဂျာနယ်တွေ၊ သတင်းစာတွေ အများကြီးပါ။ သူတို့ ဘာလို့ အမှုအခင်းတွေ မဖြစ်ကြလဲ၊ ရှင်းပါတယ်။ သူတို့ရဲ့တာဝန်နဲ့ ကျင့်ဝတ်တွေအတိုင်း လုပ်နေကြလို့ပါ။ ဒါကိုကျော်လွန်ပြီး မလိုက်နာရင်တော့ ဥပဒေအတိုင်းပဲ ရင်ဆိုင်ကြရမှာပဲ။**

## ရထားခဲပေါက်မှုမရှိစေရေး အသိပညာပေးဟောပြော

**ကြံ့ခင်း နိုဝင်ဘာ ၁၄**

ရထားရဲတပ်ဖွဲ့အမှတ် (၂၀)တပ်ခွဲ တပ်စု(၂) ကြံ့ခင်းမှ တပ်စုမှူး ဒု-ရဲအုပ် ကျော်ဆန်းသည် ရထားအား ခဲဖြင့်ပစ်ပေါက်မှုမရှိစေရေးအတွက် တပ်စု အပိုင်နယ်မြေအတွင်းရှိ ဘူတာများဖြစ်သော ကြံ့ခင်းဘူတာ၊ မြန်အောင်ဘူတာ၊ ဆန်နီချောင်ဘူတာ၊ တဲကြီးကုန်းဘူတာ၊ မဲဇလီကုန်းဘူတာ စသည့် ဘူတာများ၌ "ပြည်သူများ သတိပြုရန်" ခေါင်းစဉ်ဖြင့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ ပုဒ်မ (၇၉)အပိုဒ်ခွဲ (ခ)နှင့် ပုဒ်မ (၈၄)တို့တွင် ရထားအား ခဲဖြင့်ပစ်ပေါက်ခြင်း၊ တစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်းတို့ပြုလုပ်ပါက အနည်းဆုံးထောင်ဒဏ် ငါးနှစ်မှ အများဆုံး နှစ်(၂၀)ထက် မပိုသောဒဏ်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်ကြောင်း အသိပေးစာများအား ကပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁၂ ရက်က ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာနေပြည်သူများအား အသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြသည်။ **(ရထားရဲတပ်ဖွဲ့)**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၁၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၆) တွင် ဖော်ပြခဲ့သော ဒေါက်တာတင်ထွန်း(ဆေးပညာသင်ကြားရေး)၏ ဆောင်းပါး တတိယကော်လံ၊ စာကြောင်းရေ(၁၄) တွင်ပါရှိသော " pH"အစား "စံ" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

# ခရေပင်အောက်မှ ပိတောက်ချစ်သူ

**တက္ကသိုလ် ကျော်စံနိုင်**

ရေဒီယိုမှ သီချင်းသံသည် ကျွန်တော့်အား ဖမ်းစားနိုင်လွန်းလှသည်။ ဒီအဆိုရှင်သည် မည်သူများပါလိမ့်။ သီချင်လွန်းလှသည်။ သူမ၏အသံသည် ပါရမီဓာတ်ခံကောင်းသော အဆိုရှင်တစ်ဦး၊ အဆိုတော်ဖြစ်သင့်ဖြစ်ထိုက်သော အဆွဲအငင်၊ အတင်အချတို့ကလည်း အပိုအလိုမရှိ သီဆိုသွားနိုင်သည်။ သီချင်းခေါင်းစဉ်ကတော့ ခရေပင်အောက်မှ ပိတောက်ချစ်သူ။ သီဆိုသူကတော့ တေးသံရှင်ညွန့်ညွန့်စိန်။ ဒီသီချင်းကို လွန်ခဲ့သော(၃၅)နှစ်ခန့် ကတည်းက ကျွန်တော်ကြားဖူးနေခဲ့သည်။ အခု ကျွန်တော်အသက်(၅၀)။ ဘယ်အချိန်ဘယ်အခါ နားထောင် နားထောင် သီချင်းသည် မရိုးသွားခဲ့။ ကြားပြီးရင်း ကြားချင်နေပြန်သည်။

အခုတော့ ညွန့်ညွန့်စိန်မရှိတော့၊ ယခုနှစ် အောက်တိုဘာ ၁၉ရက် ဗုဒ္ဓဟူးနေ့ နံနက် ၄ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပြီး သူမချစ်မြတ်နိုးလှသော ဂီတလောကကို ထာဝရစွန့်ခွာခဲ့ရသည်။ ကျွန်တော်သည် တေးသံရှင်ညွန့်ညွန့်စိန်၏ အဆိုပညာအား လေးစားမိ၍ သူမ၏နာရေးအား လိုက်လံပို့ဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၂၀ ရက် သောကြာနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုလ်ခဲ့သည်။

ဝမ်းနည်းစရာကောင်းသည်မှာ ရေဒီယိုတေးလောကမှ ဂီတပညာရှင်ကြီးများ မလာရောက်နိုင်ပါ။ နေပြည်တော်တွင် ကျင်းပနေသော (၂၂) ကြိမ်မြောက် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးသို့ ရောက်ရှိနေကြ၍ဖြစ်သည်။ တိုက်ပဲတိုက်ဆိုင်လွန်းနေပါသည်။ တေးရေး-တေးဆို မျိုးနွယ်ဆွေ၊ တေးရေး-တေးဆို မောင်ဆွေမွန်၊ တေးရေး-တေးဆို မောင်မောင်အေး (အလက်ာဝတ်ရည်)၊ တေးသံရှင် မောင်သိန်းဝင်း၊ တေးသံရှင်ခင်မောင်ကြီး၊ တေးသံရှင် ဥမ္မာ၊ တေးရေး မြသဲဖြူ(မြန်မာ့အသံ)တို့ကိုသာ တွေ့ခဲ့ရသည်။


တေးသံရှင်ညွန့်ညွန့်စိန်ကို ရန်ကုန်မြို့၌ အဘဦးတင်မောင် အမိ ဒေါ်သောင်းညွန့်တို့မှ (၁၄-၉-၁၉၄၃) တွင် မွေးဖွားခဲ့သည်။ ရေဒီယိုတေးသံရှင် ရဲဘော်စိုးနိုင်၏ ကူညီခေါ်ဆောင်မှုဖြင့် ကာကွယ်ရေးဝန်ကြီးဌာန တူရိယာအဖွဲ့တွင် သီချင်းများစတင်သီဆိုခွင့်ရခဲ့သည်။ အလင်္ကာကျော်စွာရွှေပြည်အေး၊ ဒေါ်မေစီ၊ ဇေယျမောင်ကြီး၊ တယော ကိုပါ၊ စန္ဒရား ချစ်ဆွေ၊ ရဲသီဟကိုတင်အောင်၊ မောင်မောင်သီ၊ တက္ကသိုလ် မောင်တင့်နွယ်တို့၏ မြေတောင်မြှောက်ပေးမှုကြောင့် အောင်မြင်မှုရခဲ့သည်။

ဂီတလောကထဲသို့ စတင်ဝင်ရောက်ခဲ့သောသီချင်းမှာ ရဲသီဟကိုတင်အောင်ရေးသော 'အသည်းကမ္ဘာ' သီချင်းဖြစ်ပြီး မောင်မောင်သီရေးသော 'မုန်းသူ့ရင်ဝယ်မနားလို' သီချင်းဖြင့် စတင်ကျော်ကြားခဲ့သည်။ ညွန့်ညွန့်စိန်သည် ကာလပေါ်သီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၊ ဂီတလုလင်မောင်ကိုကိုအဖွဲ့၊ မေတ္တာမွန်အဖွဲ့၊ တက္ကသိုလ်မောင်တင့်နွယ်အဖွဲ့၊ သီတဂူအဖွဲ့နှင့် စန္ဒရားနီနီအဖွဲ့တို့တွင် ပါဝင်သီဆိုခဲ့ပြီး ရုပ်ရှင်ဇာတ်ကား ၃၀ကျော်တွင် နောက်ခံတေးသီချင်း သီဆိုပေးခဲ့သည်။

၎င်းအပြင် မဟာဂီတသီချင်းကြီးများကိုလည်း အစ်ကိုအရင်းဖြစ်သူ စန္ဒရားကျော်ဇောလေး၏ ပန်းဝတ်မှုန်သီချင်းကြီးတူရိယာအဖွဲ့တွင် သီဆိုအသံလွှင့်ခဲ့သည်။ မြန်မာနိုင်ငံဂီတကောင်စီ(ဗဟို)တွင် ၁၉၅၆-၁၉၆၆ခုနှစ်၌ အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့သည်။ ညွန့်ညွန့်စိန်၏ အောင်မြင်ကျော်ကြားခဲ့သော တေးများမှာ တက္ကသိုလ်မောင်တင့်နွယ်၏ 'ချစ်ဦးမေ့ထံပြန်လာပါ'၊ 'သူတို့ရွှေမန်း'၊ ကိုရဲအောင်၏ 'ဒိုးကလေး'၊ ဂီတတင်အုန်း၏ 'ဂုဏ်ယူရတာအမောပဲရှင်'၊ စန္ဒရားချစ်မောင်၏ 'တေးဆိုတတ်သောရေပြာကမ်း'၊ ကိုလေးလွင်၏ 'မင်္ဂလာသတင်း၊ နွေညတိုက်သောလေကလေး'၊ ကိုမြတ်လင်း(မြန်မာ့အသံ)၏ 'လုပ်အားပေးနေ ကလေးတို့အဖေ'၊ ပျဉ်မနားမြင့်လှိုင်၏ 'ခရေပင်အောက်မှပိတောက်ချစ်သူ' စသည့်သီချင်းများဖြစ်ပြီး တေးသံရှင်ညွန့်ညွန့်စိန်သည် အသက်(၇၃) နှစ်အရွယ်တွင် ကွယ်လွန်ခဲ့သည်။

ညွန့်ညွန့်စိန်နှင့် ခရေပင်အောက်မှ ပိတောက်ချစ်သူ သီချင်းသည် အင်မတန်မှ ပနံရလှသည်။ အဆိုတော်၏ ကျွမ်းကျင်ပါးနပ်မှု၊ တေးရေးဆရာ၏ စကားလုံးအသုံးအနှုန်းပြောင်မြောက်မှု စန္ဒရားချစ်ဆွေ၏ အတီးပညာလှုပမှုများကြောင့် ရေဒီယိုတေးလောကတွင် ကြောက်ခမန်းလိလိ အောင်မြင်ကျော်ကြားခဲ့သည်။ ညွန့်ညွန့်စိန်သည် မကွယ်လွန်မီအချိန်အထိ တေးသီချင်းများကို နုပျိုစဉ်အရွယ်သကဲ့သို့ အသံကို ထိန်းထားနိုင်ကာ သီဆိုနိုင်သည်ကိုလည်း တအံ့တသြ မြင်တွေ့ခဲ့ရသည်။

၂၀၁၆ ခုနှစ်သည် ဂန္ထဝင်ဂီတပညာရှင်ကြီးများ တဖြုတ်ဖြုတ် ကြွေလွင့်ခဲ့ရသော နှစ်တစ်နှစ်ဖြစ်သောကြောင့် ဂီတသမားများအတွက် ကံကြမ္မာဆိုးဝင်သောနှစ်ဟုလည်း ဆိုရမည်ဖြစ်သည်။ တေးသံရှင်ခင်မောင်လွင်၊ အမျိုးသမီး



တေးသံရှင် မြင့်မြင့်စိန်၊ တေးရေးဆရာကြီး ပျဉ်းမနားမြင့်လှိုင်၊ တေးသံရှင်ကိုစိန်ဝင်း၊ အခုနောက်ဆုံး တေးသံရှင် ညွန့်ညွန့်စိန်တို့ မရှေးမနှောင်း ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားခဲ့ကြသည်။ သူတို့တတွေ ကွယ်လွန်သွားခဲ့ခြင်းသည် မြန်မာသံစဉ် တေးလောကအတွက် အစားထိုး၍ မရသော ဆုံးရှုံးမှုတစ်ရပ်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

ဂီတချစ်သူပရိသတ်ကြီး ပြန်လည်အမှတ်တရရှိစေရန်အတွက် ခရေပင်အောက်မှ ပိတောက်ချစ်သူ သီချင်းစာသားအား ဖော်ပြပေးလိုက်ပါသည်။

**ခရေပင်အောက်မှ ပိတောက်ချစ်သူ**

**တေးရေး-ပျဉ်းမနားမြင့်လှိုင်**
**တေးဆို-ညွန့်ညွန့်စိန်**
**အတီး- စန္ဒရားချစ်ဆွေ**

*** [ထာဝစဉ် မြတ်နိုးလာခဲ့ (ချစ်တဲ့မောင်ရေ)]၂**
**မေတို့ငယ်ရွယ်စဉ် ပျော်ရွှင်ခဲ့တဲ့ ခရေပင်ကြီး အောက်မလေ၊**
**နှစ်တွေကြာရှည် နှစ်ယောက်သား ကစားခဲ့ပုံ ကလေးတွေ၊ ခုနေတွေးမိတိုင်း ကြည်နူးမဆုံးနိုင်ပေ၊**
**ဒီခရေပင်ကြီး အသီးမပျက်အပွင့်မပျက်သလိုပေ၊**
**မေလဲပဲ (မောင့်ကို)၂၊ ချစ်လျက်နေဆဲ**
**ချစ်မြဲပါမောင်ရေ)၂ × × ×**

*** (သည်အချိန်တုန်းကတည်းကလေ၊ မောင့်စိတ်သဘောကို တွေးတောမိသားပဲမောင်ရေ၊ ခရေပန်းပန်မှ မေကလှတယ်ထင်နေ)၂**
**မောင်ကတော့သည်သို့မဟုတ်ပေ၊ အမြင့်ပင်ယံနန်းက ပိတောက်ပန်းတွေကိုပဲ တမ်းတနှစ်သက်မက်မောလို့သာနေ၊ မေ့ရဲ့ဘဝတွင် ခရေပင်ကြီးပမာပဲ၊ မောင့်ခြေရင်း မြေတလင်းမှ ကြွေဆင်းပေးပါသော်လဲလေ၊ မပန်ချင်ငယ်ကျွမ်းမောင်က၊ နင်းကျော်လျှောက်ကာ မထောက်မညှာ ပိတောက်ဝါခင်သူရေ × × ×**
**ခုတော့မေ့တစ်ယောက်တည်း၊ ခရေကောက်မြဲပါလေ၊ အပစ်ပယ်ခံဘဝများနဲ့ မောင့်အတွက်သာပဲ၊**
**လှိုက်လှိုက်လှဲလှဲ ဆုတောင်းပေးမယ်လေ၊ မိုးဆောင်းပြောင်းကာနွေ၊**
**ရာသီတိုင်းမှာ ပိတောက်ပန်းတွေ ပွင့်ပါစေလို့၊ ခရေပင်အောက်မှ**
**ပိတောက်ချစ်သူရေ၊ ခရေပင်အောက်မှ ပိတောက်ချစ်သူရေ × × ×**

## ညောင်လေးပင်မြို့နယ်ကျေးရွာများရှိဒေသခံပြည်သူများအား အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေး အခမဲ့ထိုးနှံပေး

**ညောင်လေးပင် နိုဝင်ဘာ ၁၄**

ညောင်လေးပင်မြို့နယ်ကျန်းမာရေးကွန်ရက်နှင့် အသည်းဖောင်ဒေးရှင်း(Liver Foundation)တို့ ပူးပေါင်းဆောင်ရွက်သည့် အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးအခမဲ့ထိုးပေးခြင်းကို နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကြံဘိုကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ပြုလုပ်ခဲ့ကြောင်း သိရသည်။



အသည်းရောင်အသားဝါ(ဘီ)ပိုးကာကွယ်ဆေး အခမဲ့ထိုးပေးရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်းဦးဆောင်၍ ညောင်လေးပင်မြို့နယ်ဆရာဝန်အသင်းမှ ဒေါက်တာမြင့်သန်း၊ ဒေါက်တာသန်းစိုး၊ ဒေါက်တာဒေါ်အုန်းနွဲ့၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီအသင်း၊ ညောင်လေးပင်မြို့နယ်ကျန်းမာရေးကွန်ရက်အဖွဲ့ဝင်များက ကြံဘိုကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်စိုးရီ၏ ကူညီဆောင်ရွက်မှုဖြင့် ကျောင်းသား ကျောင်းသူများ၊ ကြံဘိုကျေးရွာအုပ်စုနှင့် အနီးဝန်းကျင်ရွာများမှ ဒေသခံပြည်သူ ၇၀၀ ခန့်အား အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့သည်။

အဆိုပါ အသည်းရောင်အသားဝါ(ဘီ)ပိုးကာကွယ်ဆေးအခမဲ့ထိုးပေးခြင်းသည် ပထမအကြိမ်အဖြစ် ထိုးနှံပေးခြင်းဖြစ်ကာ ဘီပိုးရောဂါရှိ/မရှိစစ်ဆေးခြင်း၊ ကာကွယ်ဆေးထိုးပေးခြင်းများ ဆောင်ရွက်ပေးကြပြီး ဒုတိယအကြိမ်နှင့် တတိယအကြိမ်များတွင်လည်း ယခုကဲ့သို့ ကျေးရွာအရောက် အခမဲ့ထပ်မံထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

**သစ်တောသစ်ပင် ဒို့ချစ်ခင်**
**အစဉ်စိုက်ပျိုး အလှတိုး**



# သာမညဖလအခါတော်နေ့(တန်ဆောင်မုန်းလပြည့်နေ့)တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေကြာသင်္ကန်းတော်ကပ်လှူပူဇော် နေပြည်တော်တစ်ဝန်း၌ ကုသိုလ်ပြုကြသူများဖြင့် စည်ကားများပြားလျက်ရှိ



**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့သည် သာမညဖလအခါတော်နေ့(တန်ဆောင်မုန်းလပြည့်နေ့)ဖြစ်သည်နှင့်အညီ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ အဌမအကြိမ် တန်ဆောင်တိုင် ရွှေကြာသင်္ကန်းတော်ကပ်လှူပူဇော်ပွဲနှင့် (၈၃)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်အတွင်းကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားပူဇော်ကြသည့် မေတ္တာသုတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ယင်းနောက် အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ညနေပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဝတ်ရွတ်ပူဇော်ပွဲနှင့် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲများကျင်းပရာ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ဒါနပြုကြသူများနှင့် အထူးစည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မဟာသကျရံသီရုပ်ပွားတော်မြတ်ကြီး၊ ဓာတုဇယဓာတ်ပေါင်းစုစေတီ၊ ဘုရားကိုးဆူ၊ ကိုးခမ်းကြီးဘုရား၊ အောင်မင်းခေါင်ဘုရား၊ ဇိနမာရ်အောင်၊ မင်းဝံတောင်ဘုရား၊ စူဠာမဏိဘုရားနှင့် လယ်ဝေးမြို့နယ် ဖောင်တော်ချက်မ၊ ရန်အောင်မြင်၊ ရွှေလက်လှဘုရားနှင့် တပ်ကုန်းမြို့နယ်ရှိ ဘုရားပုထိုးစေတီများတွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

အထူးသဖြင့် နေပြည်တော် သတ္တသတ္တာဟ ဗုဒ္ဓဂယာတွင် အနယ်အနယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် အထူးစည်ကားလျက်ရှိပြီး နေပြည်တော်ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ ဆာဖာရီဥယျာဉ်နှင့် ရေပူစမ်းတို့တွင် အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

နေပြည်တော်အတွင်းရှိ ရပ်ကွက်များနှင့် မြို့နယ်များတွင် နိဗ္ဗာန်ဈေးပွဲတော်များကို ညနေပိုင်းမှစတင်၍ ကုသိုလ်ပြုလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိသည်။ **(သတင်းစဉ်)**

❁ **တန်ဆောင်မုန်းလပြည့်မှ**

ယင်းနောက် မသိုးရွှေကြာသင်္ကန်းရက်ခတ်ကပ်လှူပူဇော်ခြင်း အောင်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေကြသည်။

ဆက်လက်၍ အာရုံခံတန်ဆောင်းအပေါ်ထပ်၌ သာမညဖလအခါတော်နေ့ ဓမ္မပူဇာ မင်္ဂလာအခမ်းအနားကို ကျင်းပကြသည်။

ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၏ (၂၁)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို နံနက်အရုဏ်ဦးမှ စတင်ကျင်းပရာ အရုဏ်ဆွမ်းကပ်လှူခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်လှူခြင်း၊ အနုမောဒနာနှင့် ရေစက်ချတရားနာယူခြင်း၊ ရွှေကြာသင်္ကန်းကပ်လှူခြင်း၊ ဘုရားရှင်နှင့် သံဃာတော် ၄၅ ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ သာမညဖလအခါတော်နေ့ ကျင်းပခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြပြီး ညပိုင်းတွင် စေတီတော်အား ဆီမီး ၉၀၀၀ ဖြင့် ထွန်းညှိပူဇော်ကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်နှင့် ရွှေဘုန်းပွင့်စေတီတော်တို့၌လည်း မသိုးရွှေကြာသင်္ကန်များ ဆက်ကပ်လှူဒါန်းပူဇော်သည့် အခမ်းအနားများ ကျင်းပသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီတော်များ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများ၌ မသိုးရွှေကြာသင်္ကန်း၊ ကထိန်လျာသင်္ကန်း ဆက်ကပ် လှူဒါန်းကြသူများ၊ ဘုံကထိန် ပဒေသာပင်လှည့်လည်ကြသူများ၊ သာမညဖလအခါတော်နေ့ ကျင်းပခြင်းများ၊ ဥပုသ်သီတင်း သီလဆောက်တည်ကြသူများ၊ အလှူဒါနပြုကြသူများ၊ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးများပြားလျက်ရှိသည်။ ယနေ့သည် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်သဖြင့် ဥယျာဉ်ပန်းခြံများ၌လည်း အပန်းဖြေအနားယူသူများဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်အား ရည်မှန်းပူဇော်သောအားဖြင့် ဌာနဆိုင်ရာရုံးများ၊ နေအိမ်တိုက်တာများ၌ ရောင်စုံမီးများဖြင့် ထွန်းညှိပူဇော်ခြင်း၊ မြို့ ရွာ ရပ်ကွက် လမ်းအသီးသီး၌ မီးထွန်းပွဲတော်များ၊ နိဗ္ဗာန်ဈေးအလှူတော်ပွဲများ၊ စတုဒိသာ ကျွေးမွေးလှူဒါန်းကြသူများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် သက်ဝင်လှုပ်ရှားလျက်ရှိသည့် မြင်ကွင်းများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းနေသည့်ပုံရိပ်ကောင်းများပင်ဖြစ်သည်ဟု ဆိုရပါမည်။

**ရီရီမြင့်၊ ဥမ္မာသန့်**

# တန်ဆောင်မုန်းလပြည့်နေ့တွင် မဒေါက်မီးမျှောပွဲ၌ ရိုးရာအားကစားပြိုင်ပွဲများဖြင့် စည်ကားလျက်ရှိ

**မဒေါက် နိုဝင်ဘာ ၁၄**

နှစ်စဉ်မပျက်ကျင်းပလာခဲ့သည်မှာ (၄၄)နှစ်တိုင်ခဲ့ပြီဖြစ်သော ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့၏ တန်ဆောင်တိုင်မီးမျှောပူဇော်ပွဲသို့ ယနေ့(တန်ဆောင်မုန်းလပြည့်နေ့)တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသော ပွဲတော်လာဧည့်ပရိသတ်များဖြင့် စည်ကားလျက်ရှိသလို အခြားသောဧည့်ပရိသတ်များကလည်း တဖွဲဖွဲလာရောက်လျက်ရှိသည်။

နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသော မဒေါက်မြို့တန်ဆောင်တိုင်မီးမျှောပွဲတော်ကာလအတွင်း မြန်မာ့ရိုးရာအားကစားပွဲများကို ထည့်သွင်းကျင်းပလျက်ရှိရာ ယနေ့နံနက်ပိုင်းက ဒေသရိုးရာ လောင်းလှေ ငါးတက်ပြိုင်ပွဲ၌ မဒေါက်မြို့နှင့် ပတ်ဝန်းကျင်ဒေသများမှ ပြိုင်ပွဲဝင်အသင်းပေါင်း ၁၂ သင်းတို့က အားကြိုးမာန်တက်ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



မဒေါက်မြို့ (၄၄)ကြိမ်မြောက် တန်ဆောင်တိုင်မီးမျှောပွဲတော်ကြီးတွင် မြန်မာ့ရိုးရာအားကစားပြိုင်ပွဲများကို ထည့်သွင်းကျင်းပလျက်ရှိရာ ဒေသရိုးရာလောင်းလှေ ငါးတက်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်လှေအသင်းသားများ အားကြိုးမာန်တက်ယှဉ်ပြိုင်နေကြစဉ်။

ထို့နောက် မွန်းလွဲပိုင်း၌ မြန်မာ့ရိုးရာ ခြင်းလုံးအလှခတ်ပွဲကို ကျင်းပရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်မှ အာရှလက်ရွေးစင် ရွှေတံဆိပ်ဆုရှင်များဖြစ်သည့် အာဇာနည်စန်းစန်းမော်၊ ပန်းမြတ်သီတာနှင့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ခြင်းလုံးသရုပ်ပြအဖြစ် ပါဝင်ခဲ့သည့် ကျောင်းသူလေး ငွေသဇင်သင်းတို့က တစ်ကိုယ်တော်ခြင်းလုံး ကျွမ်းကျင်မှုတို့ကို သရုပ်ပြကစားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့ကြပြီး အခြားသော ခြင်းအလှခတ်အသင်းများက တစ်တပ်တစ်အား ပါဝင်ကူညီခတ်ကစားခဲ့ကြသည်။

ထို့ပြင် မီးမျှောပွဲအထိမ်းအမှတ် မုန့်ဦးမှသည် ပွဲခင်းတစ်လျှောက်အတွင်း ဈေးရောင်းချသူများ၊ ပွဲတော်လာရောက်ဆင်နွှဲသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

ပွဲတော်နောက်ဆုံးရက်ဖြစ်သည့် နိုဝင်ဘာ ၁၅ ရက်တွင် ရေပွဲတော်အခမ်းအနားဖွင့်လှစ်ခြင်း၊ တက်ခုတ်တက်ပုံ့ယိမ်းအကအလှများ ယှဉ်ပြိုင်ခြင်း၊ ရုပ်ရှင်နှင့် ဗီဒီယိုအနုပညာရှင်များအသင်းနှင့် မဒေါက်ဒေသခံလူငယ်အသင်းတို့၏ ဘောလုံးပြိုင်ပွဲပြုလုပ်ခြင်း၊ ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီးအား ဆီမီး ၃၀၀၀၀ ဖြင့် စစ်တောင်းမြစ်အတွင်း မီးမျှောပူဇော်ခြင်းတို့ ပြုလုပ်ကြမည်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ သိရသည်။

မဒေါက်ဒေသနေ ပြည်သူတို့သည် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးကို မျှော်ကိုးလျက် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့်ကတည်းက ရှင်ဥပဂုတ္တမထေရ်မြတ် ရုပ်ပွားတော်ကြီးကို ဆီမီးပူဇော်ခဲ့ကြသည့် အစဉ်အလာရှိခဲ့ပြီး ယင်းမှ နှစ်အနည်းငယ်အကြာတွင် အများပြည်သူ ကြည်ညိုသဒ္ဓါပွားနိုင်စေရန်နှင့် ဒေသခံပြည်သူများ စည်းလုံးညီညွတ်စေရန်၊ ရိုးရာယဉ်ကျေးမှုဓလေ့များ ထိန်းသိမ်းနိုင်စေရန်ရည်ရွယ်၍ ဆီမီးပူဇော်ပွဲအား တန်ဆောင်တိုင် မီးမျှောပူဇော်ပွဲအဖြစ် သတ်မှတ်၍ ခေါ်တွင်ကျင်းပခဲ့သည်မှာ ယနေ့တိုင်ဖြစ်ကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီမှ ဦးမျိုးကျော်က ပြောသည်။

**သတင်း - ခွန်ဆက်နေ**
**ဓာတ်ပုံ - ပိန်းဇလုပ်သိန်းညွန့်**

❒ **ကျောဖုံးမှ**

ဂျာမေးလ်၊ ၆၈ မိနစ်တွင် မိုရှင်တို့က သွင်းယူခဲ့သည်။ သုံးဂိုးဆက်ပေးလိုက်ရပြီးနောက်ပိုင်းမှ မြန်မာအသင်း ပြန်ဖိကစားလာနိုင်ပြီး ၈၄ မိနစ်တွင် တိုက်စစ်မှူးအောင်သူ အပိုင်ကန်သွင်းခွင့်ရခဲ့သော်လည်း လွဲချော်ခဲ့သောကြောင့် ချေပဂိုးမရဘဲ ဂိုးပြတ်ရှုံးခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှအသင်းကြီး အိုမန်အသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့ခြင်းမှာ အဓိကပြဿနာမဟုတ်ခဲ့သော်လည်း ရရှိသည့် အခွင့်အရေးများကို အသုံးမချနိုင်ခဲ့သည့် တိုက်စစ်ပိုင်းကို ပြိုင်ပွဲမတိုင်မီ ဖြေရှင်းရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပြိုင်ပွဲမတိုင်မီ ယခုလအတွင်း ကစားခဲ့သည့် ခြေစမ်းပွဲနှစ်ပွဲစလုံး နိုင်ပွဲပျောက်ခဲ့ခြင်းဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

# ကံမမြို့နယ်တွင် တောင်သူပညာပေး သရုပ်ပြပွဲကျင်းပ

**ကံမ နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားဦးကြီးများအား GAP(Good Agricultural Practice)အပါအဝင် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဝေပေးခြင်း၊ ပြောင်းလဲလာသော ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်မည့် သီးနှံပုံစံများ ချမှတ်ပေးခြင်း၊ သီးနှံပုံစံအလိုက် စမ်းသပ်ကွက်၊ စံပြကွက်များ စိုက်ပျိုးပြသခြင်းသရုပ်ပြပွဲကို ဆုံကုန်းရွှေ့တန်းနယ်မြေ ဆုံကုန်းရွှေ့တန်းစခန်းရှိ ကြံအထူးစံပြစိုက်ခင်းတွင်လည်းကောင်း၊ ဝါသီးနှံအထွက်တိုး စိုက်ပျိုးနည်းစနစ် တောင်သူပညာပေးကွင်း သရုပ်ပြပွဲကို ရေနံ့သာရွှေ့တန်းနယ်မြေ ရေနံ့သာရွှေ့တန်းစခန်းရှိ ချည်မျှင်ရှည်ဝါ မျိုးသန့်မျိုးပွား ငါးဇေ စံပြကွက်တွင်လည်းကောင်း နိုဝင်ဘာ ၁၁ ရက်က ကျင်းပခဲ့ကြသည်။ **(ဝ၄၃)**



ဓာတ်ပုံ-ဇော်မင်းလတ်

ရွှေတိဂုံစေတီတော်ရင်ပြင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိစဉ်။



ဓာတ်ပုံ-ရဲထွဋ်

ကမ္ဘာအေးစေတီတော်၌ ကုသိုလ်ဘာဝနာပွားများသူများဖြင့် စည်ကားလျက်ရှိစဉ်။

# ၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) အနယ်နယ်အရပ်ရပ်မှ ကြည်နူးဖွယ်ပုံရိပ်များ



ဓာတ်ပုံ-ဇော်မင်းလတ်

ရွှေတိဂုံစေတီတော်၏ (၃၂)ကြိမ်မြောက် မသိုးသင်္ကန်းကပ်လှူပူဇော်ပွဲ ကျင်းပစဉ်။



ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅၁)လမ်း(အလယ်)၌ နိဗ္ဗာန်ဈေးပွဲတော် ကျင်းပစဉ်။



ဓာတ်ပုံ-သတင်းစဉ်

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်စဉ်။



ဓာတ်ပုံ-ဝင်းမင်းစိုး(ပြန်/ဆက်)

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ ဘဲငါးရာတောင်တက်ပွဲ ကျင်းပစဉ်။



ဓာတ်ပုံ-သန်းဝေ(တောင်ကြီး)

တောင်ကြီးမြို့ လုံးကျွတ်စုပေါင်းကထိန်ပွဲတော် ကျင်းပစဉ်။

# ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံမြားပစ်သင်တန်းဆင်းပွဲကျင်းပ



သင်တန်းသူအကောင်းဆုံးစံပြဆုရ သူရအောင်(လှိုင်)နှင့် မိုးစန္ဒာထွန်း(တာမွေ) တို့အားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ရန်ကုန် နိုဝင်ဘာ ၁၄**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံမြားပစ်သင်တန်း(၄/၂၀၁၆) သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံမြားပစ်ကွင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက သင်တန်းရည်ရွယ်ချက်အား ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ရာသင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးတောက်ထွန်းက သင်တန်းကြီးကြပ်နှင့် နည်းပြများအား ဂုဏ်ပြုဆုငွေကျပ်တစ်သိန်းစီ ပေးအပ်ချီးမြှင့်၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုးက အမျိုးသားမြားပစ်သင်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော စောနိုင်လင်း (ရွှေပြည်သာ)၊ ဒုတိယဆုရရှိသော ကောင်းမြတ်စံ(သန်လျင်)နှင့် တတိယဆုရရှိသော အေးကျော်ခန့်(မြောက်ဥက္ကလာ)တို့အား ဆုများကိုပေးအပ်ချီးမြှင့်၍လည်းကောင်း၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမြတ်သူရစိုးက အမျိုးသမီးမြားပစ် သင်တန်းပြိုင်ပွဲတွင် ပထမဆုရရှိသော မိုးစန္ဒာထွန်း(တာမွေ)၊ ဒုတိယဆုရရှိသော နော်လာအယ်ဝါး(လှိုင်သာယာ)နှင့် တတိယဆုရရှိသော သဲစုယဉ်အောင်(တာမွေ)တို့အား ဆုများကို ပေးအပ်ချီးမြှင့်၍လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ဦးက သင်တန်းသား

# တောင်ယမားဆည်ရေပိုလွှဲမှ ဆည်ရေကျော်ကျမှုကြောင့် ငါးလင်းစေ့ကျေးရွာအနီး ရေထုတ်မြောင်း ကမ်းပြိုမှု ဆက်လက်မဖြစ်ပေါ်စေရေးဆောင်ရွက်

**ပုလဲ နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ တောင်ယမားရေလှောင်တမံသည် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ကံပြားကျေးရွာအနီး ပုလဲမြို့၏ အနောက်တောင်ဘက် ၁၃ မိုင်ခန့်အကွာတွင် တည်ရှိပြီး နိုဝင်ဘာ ၉ ရက်က မိုးရွာသွန်းမှုများ၍ ကန်ရေပြည့်မှတ် ၆၆၀ မှ ၆၆၀ ဒသမ ၈ ပေအထိ ရေဝင်ရောက်ခဲ့ပြီး ရေပိုလွှဲမှ ဆည်ရေကျော်ကျမှုကြောင့် ရေပိုလွှဲအောက်ဘက် မြိုင်မြို့နယ် ငါးလင်းစေ့ကျေးရွာအနီးရှိ ရေထုတ်မြောင်းကမ်းပြိုမှုဖြစ်ပွားခဲ့ရာ မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဌေးညွှန့်နှင့် အင်ဂျင်နီယာများက နိုဝင်ဘာ ၁၀ ရက်က ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိဦးဌေးညွှန့်က "နိုဝင်ဘာ ၉ ရက်မှာ မိုးရွာသွန်းမှုများလို့ တောင်ယမားဆည် ကန်ရေပြည့်မှတ် ၆၆၀ ပေမှ ၆၆၀ ဒသမ ၈ ပေအထိ ရေဝင်ရောက်ခဲ့ပြီး ရေပိုလွှဲမှ ဆည်ရေကျော်ကျမှုကြောင့် ရေပိုလွှဲအောက်ဘက်ရှိ မြိုင်မြို့နယ် ငါးလင်းစေ့ ကျေးရွာအနီးရှိ ရေထုတ်မြောင်းကမ်းပြိုခဲ့ပါတယ်။ ကမ်းနဖူးမှာ ပေါက်နေတဲ့ သစ်ပင်ကြီးများ မြောင်းအတွင်းသို့လဲပြိုကျရောက်ခဲ့ပါတယ်။ သစ်ပင်ကြီးများ ချောင်းအတွင်းကျရောက်ခဲ့တာကြောင့် ရေလမ်းကြောင်း ပြောင်းပြီး ကမ်းပါးဘက်သို့ ရေဦးလှည့်၍ ရေတိုက်စားမှုကြောင့် နိုဝင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီမှာ ကမ်းပြိုမှုများဖြစ်ပေါ်ခဲ့ပြီး အများဆုံးမှာ ပေ ၆၀ ခန့် ပြိုဆင်းခဲ့ကြောင်း သတင်းရရှိခဲ့တာကြောင့် အင်ဂျင်နီယာများနှင့်အတူ ကွင်းဆင်းကြည့်ရှုခဲ့ပြီး နိုဝင်ဘာ ၁၀ ရက်က စတင်ပြီး ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

"မြောင်းအတွင်း ပိတ်ဆို့နေတဲ့ သစ်ပင်ကြီးတွေကို အပြီးသတ်ဖယ်ရှားရှင်းလင်းနိုင်ခဲ့တာကြောင့် နိုဝင်ဘာ ၁၁ ရက် နံနက်ပိုင်းမှာ ရေလမ်းကြောင်းက မူလရေစီးကြောင်းအတိုင်း သွားလာလျက်ရှိပါတယ်။ ကမ်းပြိုမှုက မရှိတော့ပါဘူး။ ပြိုကျသွားတဲ့ နေရာများကိုလည်း ယာယီရေလွှဲတန်းများရိုက်ခြင်း၊ ခံဖြည့်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းမှာ အပြီးဆောင်ရွက်နိုင်ခဲ့ပါတယ်"ဟု ပြောသည်။

ပုလဲမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အုပ်ချုပ်မှုအောက်ရှိ တောင်ယမားဆည် ရေပိုလွှဲအောက်ပိုင်း ပေ ၂၀၀၀ ခန့်အကွာ ရေထုတ်မြောင်း လက်ဝဲဘက်ကမ်းမှာတည်ရှိသော မြိုင်မြို့နယ် ငါးလင်းစေ့ ကျေးရွာ သည် ရေထုတ်မြောင်းမှ ပေ ၃၀ ခန့်မြင့်သောကုန်းပေါ်တွင် တည်ရှိသော ကျေးရွာဖြစ်ပြီး ကမ်းနဖူးမြေအနေအထားမှာ အပေါ်ဆုံးမြေလွှာမှာ ဂျင်းမြေဖြစ်ပြီး ငါးပေထုအလယ်မြေလွှာက သဲမြေဖြစ်သောကြောင့် ကျေးရွာအတွင်းသို့ ဆည်ရေများ ဝင်ရောက်နိုင်ခြေမရှိကြောင်း၊ ငါးလင်းစေ့ကျေးရွာအနီးရှိ ရေထုတ်မြောင်း ကမ်းပြိုမှုကိုလည်း အချိန်နှင့်တစ်ပြေးညီ ထိန်းသိမ်းပြုပြင်ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် တောင်ယမားဆည်သည် တမံအလျားပေ ၅၆၇၀၊ အမြင့်ပေ ၉၀ ရှိ မြေသားတမံအမျိုးအစားဖြစ်ပြီး ဆည်ရေပေးဝေနိုင်သည့် စိုက်ဧကမှာ ၇၀၀၀ဧကဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြို့နယ်တွင်း ဖွံ့ဖြိုးရေးနှင့် လိုအပ်ချက်များသိရှိရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ဆွေးနွေး

**ယင်းမာပင် နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ်တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အရာရှိ ၂၉ ဦးတို့ မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ငန်းလိုအပ်ချက်များသိရှိရေး ဆွေးနွေးပွဲ ကျင်းပခဲ့သည်။



အဆိုပါဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးက နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်အတိုင်ပင်ခံတို့၏ နိုင်ငံတော်ဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ၊ မူဝါဒများ ရှင်းလင်းပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယအကြိမ် တတိယ အစည်းအဝေး တက်ရောက်ရာတွင် မြို့နယ်၏ အခြေခံလိုအပ်ချက်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းစီမံကိန်းများ၊ လိုအပ်ချက်များ တင်ပြပေးရေး ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ မြို့နယ်စီမံကိန်း၊ မြို့နယ်လဝက၊ ပြည်တွင်းအခွန်၊ မြို့နယ်ပညာရေးမှူး၊ အမျိုးသား ဥယျာဉ်နှင့် မြို့နယ်အဆင့် ဌာနဆိုင်များက မိမိတို့လုပ်ငန်းဆောင်ရွက်နေမှုများ၊ လုပ်ငန်းလိုအပ်ချက်များအခက်အခဲများ၊ ဝန်ထမ်းလိုအပ်ချက်များကို ဌာနအလိုက်အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မိုးမိုး(ပြန်/ဆက်)**

# ဖျာပုံမြို့ အသေးစားနှင့် အလတ်စားလုပ်ငန်းများက လူ့အဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင်လိုအပ်ချက်များ ပံ့ပိုးပေးနိုင်တော့မည်ဟုဆို

**ဖျာပုံ နိုဝင်ဘာ ၁၄**

Standard Chartered နှင့် ဗြိတိသျှကောင်စီတို့ ပူးပေါင်း၍စီးပွားရေးလုပ်ငန်းဦးဆောင်သူများအတွက် Education for Entrepreneurs (E4E) ပညာရေးအစီအစဉ်ကို မြန်မာပြည်တွင် ၂၀၁၄ ခုနှစ်မှ စတင်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် အသေးစား၊ အလတ်စား လုပ်ငန်းရှင် သင်တန်းသား သင်တန်းသူ ၈၇ ဦးကို လိပ်ဥကုန်း အမက စာသင်ကျောင်းတွင် နိုဝင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ Standard Chartered သင်တန်းဆရာများက ပညာပေးအစီအစဉ် သင်တန်းဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း သိရသည်။

အဆိုပါပညာပေးအစီအစဉ်၏ ရည်ရွယ်ချက်မှာ စီးပွားရေး ဦးဆောင်သူများ မိမိတာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ရန်နှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးအသိပညာဆိုင်ရာများကို ပိုမိုနက်ရှိုင်းစွာ နားလည်တတ်ကျွမ်းစေရန် Standard Chartered ဘဏ်နှင့် ဗြိတိသျှကောင်စီမှ သင်တန်းဆရာ ဆရာမများအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ အသေးစား၊ အလတ်စား လုပ်ငန်းရှင်များအား ဤအစီအစဉ်ဖြင့် ပညာရေးအထောက်အပံ့များအပြင် လိုအပ်သော ဆွေးနွေးညှိနှိုင်းတိုင်ပင်မှုများကိုလည်း ပံ့ပိုးပေးသွားမည်ဖြစ်သည်။ ဤအစီအစဉ်ဖြင့် မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာ၊ ပဲခူး၊ ပုသိမ်၊ ကျိုင်းတုံနှင့် ပခုက္ကူမြို့များရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းပေါင်း ၇၄၅ ခုကို သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုနှစ်တွင် Standard Chartered နှင့် ဗြိတိသျှကောင်စီတို့မှ မကွေး၊ ဖျာပုံ၊ ပြည်နှင့် ရန်ကုန်မြို့များရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများအတွက် တိုးချဲ့လုပ်ကိုင်သွားမည်ဖြစ်ပြီး ဆက်လက်၍ လူမှုရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းဖော်ထုတ်မှုများတွင် အဆင့်မြင့် ကူညီသွားမည်ဖြစ်ကြောင်း၊ E4E ပညာပေးရေးအစီအစဉ်တွင် ငွေကြေးစီးဆင်းမှုဆိုင်ရာစီမံမှု၊ ရသုံးခန့်မှန်းတွက်ချက်ခြင်း၊ စာရင်းအင်းပညာနှင့် စီးပွားရေးစီမံကိန်းရေးဆွဲခြင်း စသည့် ကဏ္ဍများပါဝင်မည်ဖြစ်ပြီး လူ့အဖွဲ့အစည်းနှင့် သဘာဝပတ်ဝန်းကျင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ လူ့အသိုင်းအဝိုင်းကို ကောင်းမွန်သော သက်ရောက်မှုများကိုဖြစ်စေနိုင်သည့် ကောင်းမွန်သော စီးပွားရေး နည်းလမ်းများကို အသုံးပြုနိုင်သော လူမှုစီးပွားရေးလုပ်ငန်းများကို ပံ့ပိုးပေးနိုင်ရန်အတွက် ယခုလို ပညာပေးသင်တန်းဖွင့် သင်ကြားပေးရခြင်းဖြစ်ကြောင်းတို့ကို နိုဝင်ဘာ ၁၄ ရက်က အဆိုပါသင်တန်းတွင် တာဝန်ယူသင်ကြားနေသော Program Officer ဒေါ်ခိုင်သီဟဖူးထံမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖျာပုံခရိုင် ဖျာပုံမြို့တွင် ပထမဦးဆုံးအကြိမ်အဖြစ် ဖျာပုံခရိုင် ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းတို့ပူးပေါင်းမှုအဖြစ် စီးပွားရေးလုပ်ငန်းရှင်များအတွက် ပညာပေးရေးအစီအစဉ် ခေါင်းစဉ်ဖြင့် Standard Chartered နှင့် ပူးပေါင်းကာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို ပညာဝေဖြန့်ဝေခြင်းအစီအစဉ်ဖြစ်ပြီး ဤပရိုဂရမ်သည် Standard Chartered ၏ ကျွမ်းကျင်သင်တန်းပို့ချမည့်သူများ၏ ဘဏ္ဍာရေးနှင့် စီးပွားရေးရာနယ်ပယ်ကျွမ်းကျင်မှုဆိုင်ရာ သင်ထောက်ကူပစ္စည်းများကို အသုံးပြု၍ သင်ခန်းစာများကို ဆက်လက်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ယခုသင်တန်းတွင် သင်တန်းဆရာ ဆရာမ၊ နည်းပြခြောက်ဦးနှင့် သင်ခန်းစာခြောက်ခုကို နှစ်ပိုင်းခွဲ၍ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းဆင်းလက်မှတ်များကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း ဖျာပုံ ခရိုင်ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးအုန်းဟန်ထံမှ သိရသည်။

**(၅၄၀)**

စာအုပ်စာပေ လူ့မိတ်ဆွေ



## အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ILO အဖွဲ့တို့ပူးပေါင်း၍ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**မြင်းခြံ နိုဝင်ဘာ ၁၄**
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမား ရေးရာအဖွဲ့တို့ပူးပေါင်းဆောင်ရွက် သည့် ရွှေ့ပြောင်းသွားလာခြင်း ဆိုင် ရာ အသိပညာပေးဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ရွှေပြည်စိုးသာသနာ့ဗိမာန်၌ နိုဝင်ဘာ ၁၃ရက် နံနက် ၁၀ နာရီက ပြုလုပ်ခဲ့ ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မန္တလေးတိုင်း ဒေသကြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းမင်းဝင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရန်ကုန်ရုံးမှ National Projet Manager ဒေါ်ဝေနှင်းပိုက ရွှေ့ပြောင်း သွားလာခြင်းဆိုင်ရာများကိုလည်း ကောင်း၊ (ILO) ရန်ကုန်ရုံးမှအမျိုးသား စီမံကိန်းညှိနှိုင်းရေးမှူး ဒေါ်ခွန်စာ မွန်းထွယ်က ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ အချက်အလက်များ၊ ဦးနှောက်ယိုစီးမှု ဆိုင်ရာများ၊ နိုင်ငံခြားတိုင်းပြည်များသို့ သွား ရောက် အလုပ်လုပ်ကိုင်နေသူများကို အကာအကွယ်ပေးရေး အချက်များ စသည်တို့ကို ဆွေးနွေးဟောပြောခဲ့ သည်။

ထို့နောက် မိတ္ထီလာမြို့ အလုပ် သမားညွှန်ကြားရေးဦးစီးဌာန ဦးစီး အရာရှိ ဒေါ်ကြည်ကြည်ဆန်းမှပြည်ပ ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာကို လည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီး အရာရှိမှ ပြည်ပထွက်ခွာအလုပ် လုပ်လျှင်လိုအပ်သည့်အချက်များကို လည်းကောင်း၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့က အလုပ်လုပ် ကိုင်ရာတွင် လူကုန်ကူးမှုဖြစ်ပွားတတ် သောအကြောင်းအရာများကိုလည်း ကောင်း၊ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စိုးစိုးညွန့် က ပြည်တွင်းအလုပ်သမားရေးရာကိစ္စ များကိုလည်းကောင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလို သည်များကိုမေးမြန်းခြင်း၊ ပြန် လှန် ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲသို့ ခရိုင်/မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိ သူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ စိတ်ပါဝင်စားသူများတက်ရောက်ခဲ့ ကြကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

■

## ရေကြောင်းသွားလာရေးဆိုင်ရာအန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ကော့သောင်း နိုဝင်ဘာ ၁၄**
မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရေကြောင်းရဲတပ်ဖွဲ့ ရေကြောင်းရဲ တပ်ဖွဲ့စု (ကော့သောင်း)နှင့် ကော့သောင်းခရိုင် ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်းကာ ရေကြောင်းသွားလာရေးဆိုင်ရာ အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက ကော့သောင်းမြို့ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အသိပညာပေးဆွေးနွေးပွဲတွင် ရေကြောင်းရဲတပ်ဖွဲ့စု (ကော့သောင်း)တပ်ဖွဲ့စုမှူး ရဲမှူးဝင်းမျိုးဟိန်းက ရေယာဉ် များ အန္တရာယ်ကင်းရှင်းရေး ရေယာဉ်များတွင် ကြိုတင် ပြင်ဆင်ဆောင်ရွက်သင့်သည့် သိသင့်သိထိုက်သည်များ၊ ရေယာဉ်များ အန္တရာယ်ကင်းစွာ ပို့ဆောင်မောင်းနှင်နိုင်ရေး ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ မမျှော်မှန်းနိုင်သည့် အခက်အခဲများဖြစ်ပေါ်လာပါက ရေကြောင်းရဲတပ်ဖွဲ့စု၏ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ဆက်သွယ်နိုင်မည့် နည်းလမ်းများအား အသိပေးဆွေးနွေးပြောကြား သည်။

ထို့နောက် ကော့သောင်းခရိုင် ရေကြောင်းပို့ဆောင် ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းငွေက မြို့နယ်အတွင်း ရေယာဉ်များဖြင့်ခရီးသည် ပို့ဆောင်ရေး လုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူများ မိမိတို့၏ ရေယာဉ်များကြံ့ခိုင်မှု၊ ကျွမ်းကျင်ဝန်ထမ်းများ အသုံးပြုရေး၊ ရေယာဉ်များတွင် သတ်မှတ်ထားသည့် အသက်ကယ်အင်္ကျီ၊ မီးသတ်ဆေးဘူး ပြည့်စုံစွာတပ်ဆင် အသုံးပြုကြရေး၊ ခရီးသည်တင်ရေယာဉ်များ သတ်မှတ် စည်းကမ်းချက်များနှင့်အညီ တင်ဆောင်ထွက်ခွာကြရေး သိသင့်သိထိုက်သည်များအား အသီးသီး အသိပညာပေး ဆွေးနွေးကြရာ တက်ရောက်လာသည့် ရေကြောင်းသွားလာ ရေး လုပ်ငန်းလုပ်ကိုင်သူများမှ သိလိုသည်များ သိသင့် သိထိုက်သည်များအား အပြန်အလှန်မေးမြန်းဆွေးနွေး ကြသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲသို့ ကမ်းနီး၊ ကမ်း ဝေး ငါးဖမ်းလုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီများမှ ရေယာဉ် မောင်းနှင်သူများ ၊ ပြည်တွင်းရေကြောင်းသွား ကုန်တင်လှေ နှင့် သင်္ဘောလုပ်ငန်းလုပ်ကိုင်သူများ၊ လောင်စာဆီတင် သင်္ဘောလုပ်ငန်းလုပ်ကိုင်သူ ရေယာဉ်မှူး၊ ပဲ့နင်း၊ စက် ဆရာများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရ သည်။

**ကျော်စိုး (ကော့သောင်း-IPRD)**



## ပိုးလောက်လမ်းစစ်ဆေးနှိမ်နင်းရေး အသိပညာပေးဆွေးနွေး

**တွံတေး နိုဝင်ဘာ ၁၄**
ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်တွင် မြို့နယ်လုံးကျွတ် ခြင်နှိမ်နင်းရေး အသိပညာ ပေးဆွေးနွေးပွဲကို မြို့နယ်အထွေထွေ အုပ်ချုပ် ရေးဦးစီးဌာနနှင့် မြို့နယ်ကျန်းမာရေးဦးစီး ဌာနတို့ပူးပေါင်း၍ နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန တော်ဝင်စန္ဒကူးခန်းမ၌ ကျင်းပ သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ် ရေးမှူး၊ မြို့နယ်ကုသရေး ဦးစီးဌာနမှူး၊ ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးနှင့် စာရေးများ၊ လူမှုရေး အသင်းအဖွဲ့များအင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည့်အချက်များမေးမြန်းရာ ဒေါက်တာ မြလွင်လွင်နှင့် ကျန်းမာရေးမှူး ဦးစိုးဝင်းထွန်း တို့က ပြန်လည်ဖြေကြားခဲ့ပြီး မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနေဝင်းသွင် က တွံတေးမြို့နယ်၌ မြို့လုံးကျွတ်ခြင်နှိမ်နင်းရ ခြင်းနှင့် မဖြစ်ခင်က ကြိုတင်ကာကွယ်မှုကို ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ လူမှုရေး အသင်းအဖွဲ့များနှင့် ပြည်သူလူထုက၊ ပူးပေါင်း ပါဝင်ရန်လိုအပ်ကြောင်း ပြောကြား သည်။

**မျိုးလှိုင် (တွံတေး)**

## ရော်ဘာရွက်ဖြင့် ပန်းအလှဆင်ခြင်းနှင့် ပန်းအလှထိုးပညာသင်တန်း မြဝတီမြို့၌ ဖွင့်လှစ်

**မြဝတီ နိုဝင်ဘာ ၁၄**
ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ထီးမယ်ဝါးခီးကျေးရွာရှိ လေးကေ့ကော်မြို့သစ်တွင် ရော်ဘာရွက်ဖြင့် ပန်းအလှဆင်ခြင်းနှင့် ပန်းအလှထိုးပညာသင်တန်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၀ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက အမှာစကားပြောကြားရာ မြဝတီခရိုင် အတွင်းရှိ ရော်ဘာစိုက်တောင်သူများ၊ မိသားစုဝင်များ၊ ဒေသတွင်းအမျိုးသမီးများနှင့် သက်ကြီး ရွယ်အိုများအတွက် တစ်နိုင်တစ်ပိုင်အိမ်တွင်းမှုစီးပွားရေး (SME) အဖြစ်ပေါ်ပေါက်လာစေရန် ရည်ရွယ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဇော်လင်း က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းကို နိုဝင်ဘာ ၁၀ မှ ရက် ၁၉ ရက်အထိ ၁၀ ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်လျက်ရှိသည်။

မြဝတီခရိုင်အနေဖြင့် ဒေသရာသီဥတုအခြေအနေအရ စက်မှုသီးနှံ ရော်ဘာစိုက်ပျိုး ဖြစ်ထွန်းပြီး စိုက်ဧက ၅၆၄၆ ဧက ရှိပြီး အစေးလှီးဧက ၃၁၅၄ ဧက ရှိကာ တစ်ဧက အထွက် နှုန်း ၆၉၉ ဒသမ ၅၈ ပေါင် ထွက်ရှိသည်။ ရော်ဘာ ၁ ပေါင်လျှင် ငွေကျပ် ၆၀၀ ခန့် သာရရှိ သဖြင့် ရော်ဘာစိုက်တောင်သူများ တွက်ခြေမကိုက်သည့် အခြေအနေဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ယခု သင်တန်းဖွင့်လှစ်ခြင်းဖြင့် ရော်ဘာဈေးနှုန်းများ ကျဆင်းခြင်းကြောင့် ရော်ဘာစိုက် တောင်သူများ ဝင်ငွေရရှိမှု နည်းပါးနေခြင်းအပေါ် ယခုကဲ့သို့ ရော်ဘာရွက်ကို အခြေခံပြီး ဝင်ငွေရှာဖွေနိုင်သည့် အိမ်တွင်းမှု အတတ်ပညာ၊ အနုပညာတစ်ရပ်ဖန်တီးနိုင်သည့် ပညာရပ် များကြောင့် ဒေသတွင်းရှိ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများ အပိုဝင်ငွေ ရရှိလာမှာဖြစ်သည့် အတွက် ဝမ်းသာမိပါကြောင်း သင်တန်းသူ တစ်ဦးက ပြောကြားသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ဘီးလင်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းရာ အစိုထွက် တင်း ၇၀ ကျော်ထွက်ရှိ

**ဘီးလင်း နိုဝင်ဘာ ၁၄**
ဘီးလင်းမြို့နယ် ဇွဲကလာကျေးရွာကွင်း အမှတ်-၂၆၃/က ဦးပိုင်၁/၁ရှိ တောင်သူ ဦးထွန်းငွေ ပိုင်လယ်မြေ၌ စိုက်ပျိုးထားသည့် ပေါ်ဆန်းနောင်ပျံမွှေး စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲတွင် သုည ဒသမ ၁၀ ဧကရှိစံကွက်အား ရိတ်သိမ်းရာ စပါးအစို ၇၀ ဒသမ ၃၇ တင်းထွက်ရှိခဲ့ ကြောင်း သိရသည်။ ယင်းကွင်းသရုပ်ပြပွဲသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦး၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အကျိုး ဆောင် တောင်သူများ တက်ရောက်ခဲ့ကြသည်။

ဘီးလင်းမြို့နယ်၌ ယခုနှစ်မိုးစပါး စိုက်ပျိုးမှု ၁၀၆၁၃၂၇ ဧကရှိရာ ယနေ့ထိ ၃၀၆၄၄ ဧကရိတ်သိမ်းပြီးဖြစ်သည်။ ယင်း ထွက်ရှိလာသည့်စပါးများကို တစ်တင်းလျှင် ၄၆ ပေါင်သတ်မှတ်၍ ကတ္တားဖြင့်ချိန်တွယ် အရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း သိရသည်။




**မြို့နယ်(ပြန်/ဆက်)**

■

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

# တိုကျိုရော့ခ်တေးဂီတဆုပေးပွဲကို တက်ရောက်ခဲ့တဲ့ ဂျွန်နီဒပ်

“Hollywood Vampires” ရဲ့ ဂစ်တာပညာရှင်တစ်ဦးအဖြစ်သာမက ဟောလိဝုဒ်ရဲ့ထိပ်တန်းမင်းသားတစ်ဦးဖြစ်တဲ့ ဂျွန်နီဒပ်ဟာ ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ပြီးခဲ့တဲ့ နိုဝင်ဘာ ၁၁ ရက်က ကျင်းပခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွက် ရည်ရွယ်ကျင်းပတဲ့ ဂန္ထဝင်ရော့ခ်တေးဂီတဆုပေးပွဲကို တက်ရောက်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ဖော်ပြချက်အရ သိရပါတယ်။

အဆိုပါဆုပေးပွဲကို ယခုနှစ်မှ ဂျပန်နိုင်ငံမှာ ကျင်းပတာဖြစ်ပြီး ယင်းဆုပေးပွဲမှာ ဂျွန်နီဒပ်အပြင် အခြားသောနိုင်ငံတကာ ရော့ခ်တေးသံရှင်များလည်း တက်ရောက်ခဲ့ကြပါတယ်။

ဂျွန်နီဒပ်က ယင်းဆုပေးပွဲကြီးမှာ အခြားသော ရော့ခ်တေးသံရှင်တွေဖြစ်ကြတဲ့ အဲလစ်ကူးလ်ပါးနဲ့ ဂျိုးပါရီတို့နဲ့ တွဲဖက်ကာ ပါဝင်ဖျော်ဖြေခဲ့ကြောင်းလည်း သိရပါတယ်။





# ချစ်သူနဲ့အတူ နန်းတော်မှာပါ

ဝေလမင်းသားဟယ်ရီနဲ့ အသက်(၃၅)နှစ်အရွယ် မင်းသမီး မက်ဂန်မာကယ်လ်တို့ ချစ်သူတွေဖြစ်နေကြောင်း မကြာမီကမှ သူတို့နှစ်ဦးက အတည်ပြုပြောကြားခဲ့တာပါ။ လတ်တလောမှာတော့ မင်းသမီးက ဟယ်ရီနေထိုင်ရာ ကန်ရှင်တန်နန်းတော်ကို လိုက်ပါကာ နှစ်ဦးသားအတူနေထိုင်လျက်ရှိတယ်ဆိုတဲ့ ကောလာဟလတွေပေါ်ထွက်လာကြောင်း စကိုင်းနယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

မကြာသေးမီက မက်ဂန်မာကယ်လ်ကို လန်ဒန်အနောက်ပိုင်းမှာရှိတဲ့ အဆိုပါနန်းတော်အနီးမှာ ဈေးဝယ်ထွက်နေတာကို တွေ့မြင်ခဲ့ရပြီးတဲ့နောက် ယခုလို ကောလာဟလတွေ ပေါ်ထွက်လာခဲ့တာဖြစ်ပါတယ်။

မက်ဂန်ဟာ ယခုသီတင်းပတ်အကုန်မှာ နန်းတော်ကို တရားဝင်လာရောက်လည်ပတ်ဖို့ စီစဉ်ထားခဲ့ပေမယ့် သူ့ရဲ့များပြားလွန်းတဲ့ အလုပ်ကိစ္စတွေနဲ့ လုံခြုံရေးအခြေအနေတွေကြောင့် ယင်းအစီအစဉ်ကို ဖျက်ခဲ့ရတာဖြစ်ပါတယ်။ မကြာသေးမီက အလွတ်တန်းဓာတ်ပုံဆရာတစ်ယောက်က သူ့ရဲ့အိမ်ကို တိတ်တဆိတ်ဝင်ရောက်ရန် ကြိုးပမ်းခဲ့ပြီးနောက် မင်းသမီးက သူ့ရဲ့လုံခြုံရေးအတွက် စိုးရိမ်ထိတ်လန့်နေရကြောင်းလည်း သိရပါတယ်။

# တရားဝင်လက်တွဲလိုက်ပြီဖြစ်တဲ့ ဒေမီလက်ဗားတိုးနဲ့ လုခ်ရော့ဟိုးဒ်



အမေရိကန်ပေါ့ပ်ကြယ်ပွင့် ဒေမီလက်ဗားတိုးဟာ လက်ဝှေ့ကစားသမားတစ်ဦးဖြစ်တဲ့ လုခ်ရော့ဟိုးဒ်နဲ့ ချစ်သူတွေဖြစ်နေကြတယ်ဆိုတဲ့ ကောလာဟလတွေဟာ ဟောလိဝုဒ်မီဒီယာတွေအကြား ရေပန်းစားနေခဲ့ရာ ပြီးခဲ့တဲ့ စနေနေ့ညမှာ ကျင်းပခဲ့တဲ့ UFC 205 ပွဲစဉ်ကို ဒေမီက လုခ်ရော့ဟိုးဒ်နဲ့အတူ တက်ရောက်အားပေးခဲ့တာကြောင့် သူတို့နှစ်ဦး ချစ်သူတွေဖြစ်နေကြောင်း အတည်ပြုပြောကြားလိုက်သလိုဖြစ်ခဲ့ပါတယ်။

“Cool For the Summer” အဆိုတော်နဲ့ UFC ရဲ့ ကြယ်ပွင့်ကစားသမားတစ်ဦးဖြစ်တဲ့ လုခ်ရော့ခ်ဟိုးဒ်တို့ဟာ တစ်ယောက်လက်ကိုတစ်ယောက်ကတွဲကာ စနေနေ့ညပိုင်းက နယူးယောက်မှာရှိတဲ့ မက်ဒီစင်ရင်ပြင်ဥယျာဉ်မှာကျင်းပတဲ့ UFC 205 ပွဲစဉ်ကို ကြည့်ရှုအားပေးဖို့ အတူတကွတက်ရောက်ခဲ့ကြတာဖြစ်ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

သူတို့နှစ်ဦးဟာ လော့စ်အန်ဂျလိစ်မှာရှိတဲ့ဖျော်ဖြေရေးစင်တာတစ်ခုမှာ စတင်တွေ့ဆုံခဲ့ကြတာဖြစ်ပြီး အဲဒီနောက်ပိုင်းမှာ အားကစားကိုဝါသနာပါကြတဲ့ ဝါသနာတူသူတို့နှစ်ဦး လက်တွဲဖြစ်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ မကြာသေးမီကကျင်းပခဲ့တဲ့ ဘောလုံးပွဲတစ်ပွဲကိုလည်း အတူတက်ရောက်အားပေးခဲ့ကြောင်းလည်း သိရပါတယ်။

# အနုပညာသက်တမ်းနှစ် (၂၀) ပြည့်အထိမ်းအမှတ်ကျင်းပခဲ့တဲ့ ဆောင်းဟေကို



မြန်မာရုပ်ရှင်ချစ်ပရိသတ်တွေရဲ့ရင်ထဲကို “ဆောင်းဦးရွက်ကြွေချစ်သက်သေ” ရုပ်ရှင်မှ အွန်စောအဖြစ် စတင်ဝင်ရောက်ခဲ့တဲ့ မင်းသမီးချော ဆောင်းဟေကိုဟာ သူလျှောက်လှမ်းခဲ့တဲ့ အနုညာခရီးရဲ့ အနှစ်(၂၀)ပြည့်အထိမ်းအမှတ်အဖြစ် သူ့ရဲ့ ပရိသတ်တွေနဲ့တွေ့ဆုံပွဲကို ပြီးခဲ့တဲ့နိုဝင်ဘာ ၁၃ ရက်မှာ ကျင်းပခဲ့ကြောင်း ဟန်စင်းနီးမား ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းအခမ်းအနားကို တောင်ကိုရီးယားမှာရှိတဲ့ ဆောင်းဟေကိုရဲ့ ပရိသတ်တွေအပြင် အထူးဧည့်သည်တွေအဖြစ် မင်းသား ဆောင်ဂျွန်ကီနဲ့ ယိုအအင်တို့လည်း တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ယခုကျင်းပခဲ့တဲ့အထိမ်းအမှတ်ပွဲကို ဆောင်းဟေကိုရဲ့ဖျော်ဖြေရေးအေဂျင်စီက ဦးဆောင်ကျင်းပပေးခဲ့ခြင်းဖြစ်ကာ ယင်းနှစ်ပတ်လည်နေ့ဟာ ဆောင်းဟေကိုရဲ့ မွေးနေ့နဲ့လည်း တိုက်ဆိုင်ခဲ့တဲ့အတွက် အထူးဂရုတစိုက် လုပ်ဆောင်ပေးထားကြောင်းလည်း အဆိုပါအေဂျင်စီက ပြောကြားခဲ့ပါတယ်။ နှစ်ပတ်လည်နေ့ကျင်းပမယ့် အစီအစဉ်နဲ့ပတ်သက်ပြီး ဆောင်းဟေကိုရဲ့ပရိသတ်တွေအတွက် ဖွင့်လှစ်ပေးထားတဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ဖော်ပြပေးခဲ့ရာ ပရိသတ်များမရေမတွက်နိုင်အောင် လာရောက်ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။

အဆိုပါအခမ်းအနားမှာ အခမ်းအနားမှူးအဖြစ် ပေါ့ခ်ဂျောင်ရင်းက ပါဝင်ဆောင်ရွက်ပေးခဲ့ပြီး ဆောင်းဟေကိုနဲ့ သူ့ရဲ့ပရိသတ်တွေအတူရိုက်ကူးထားတဲ့ဓာတ်ပုံတွေဟာ အဆိုပါနေ့မှာ လူမှုကွန်ရက်မီဒီယာပေါ်မှာ ပလူပျံအောင်တွေ့မြင်နေရပါတယ်။

ဆောင်းဟေကိုဟာ လွန်ခဲ့တဲ့ဆယ်နှစ်ကလည်း သူ့ရဲ့အနုပညာသက်တမ်း (၁၀)ပြည့်အထိမ်းအမှတ်အဖြစ် ပရိသတ်တွေနဲ့တွေ့ဆုံပွဲကို ကျင်းပခဲ့ပါတယ်။ ၁၉၉၆ ခုနှစ်က စတင်ပြီး အနုပညာနယ်ပယ်အတွင်း ဝင်ရောက်ခဲ့တဲ့ဆောင်းဟေကိုဟာ ရုပ်ရှင်ဇာတ်လမ်းတွဲပေါင်းများစွာနဲ့ ဒရမ်မာဇာတ်ကားပေါင်းများစွာမှာ ပါဝင်သရုပ်ဆောင်ခဲ့ပြီး တောင်ကိုရီးယားရဲ့အအောင်မြင်ဆုံးသော ထိပ်တန်းမင်းသမီးတွေထဲက တစ်ဦးအဖြစ် ရပ်တည်နေနိုင်သူပါ။ ဒါ့အပြင် ယခုနှစ်အစပိုင်းက ထုတ်လွှင့်ပြသခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် “Descendants of the Sun”မှာ ဆောင်းဟေကိုဟာ မင်းသားဆောင်ဂျွန်ကီနဲ့ တွဲဖက်သရုပ်ဆောင်ထားပြီး ယင်းရုပ်ရှင်ဟာ တောင်ကိုရီးယားမှာ ကြည့်ရှုသူအများဆုံးရုပ်ရှင်အဖြစ် စံချိန်သစ်တင်နိုင်ခဲ့သည်အထိ အောင်မြင်ခဲ့ပါတယ်။

အေးပြည့် - စုစည်းသည်

## မြဝတီရုပ်မြင်သံကြား

**၁၅-၁၁-၂၀၁၆(တနင်္လာနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၀ | ဓမ္မပူဇာတေး |
| ၇း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈း၀၄ | အမျိုးသားရေးတေးကဗျာ |
| ၈း၄၅ | ခရီးလည်းသွားစကားလည်းဆို |
| ၉း၁၀ | World Wide Web |
| ၉း၂၅ | မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ |
| ၉း၄၅ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၁၀း၁၅ | Books Guide |
| ၁၀း၃၀ | Guide For You |
| ၁၀း၄၅ | သီချင်းလက်ဆောင် |
| ၁၁း၁၀ | မြတ်နိုးစရာရိုးရာလက်မှုပညာ |
| ၁၁း၂၅ | Sportcast |
| ၁၁း၄၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၁၂း၀၀ | ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ |
| ၁၂း၁၀ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၀၀ | Sport Review |
| ၅း၁၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော် အပိုင်း(၇၂) |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရှက်ဦးရဲ့ ပန်းသခင် အပိုင်း(၇၃) |
| ၆း၁၀ | Taste On The Street |
| ၆း၃၅ | Fashion King |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - နေတစ်စင်းရဲ့ဆည်းဆာ အပိုင်း(၂၈) |
| | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| | ဟာသရုပ်စုံ |
| | ယနေ့ညအတွက်မြဝတီ တေးလက်ဆောင် |
| | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - လက်ခုပ်ထဲကမျက်ရည် အပိုင်း(၁၁) |

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၁၅-၁၁-၂၀၁၆(တနင်္လာနေ့)**
**[၁၃၇၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၄)ရက်၊ အဖိတ်နေ့]**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၈း၃၅ | “လက်မှုပညာနဲ့အလှဆင် စွန့်ပစ်ပစ္စည်းအုန်းသီးခွံ” |
| ၉း၃၅ | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၅ | မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် |
| ၁၁း၃၅ | မျက်မှောက်ရေးရာသုံးသပ်စရာ |
| ၁၂း၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာတိုင်နေ့ရက်များ” (အပိုင်း-၃၂) |
| ၁း၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ပန်းရွှေကြာ” (အပိုင်း-၄၀) |
| ၂း၂၅ | “ဘေးအန္တရာယ်အသိကြွယ် ဘဝများစွာကာကွယ်မယ်” |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “တို့မယူလို” (အပိုင်း-၄၁) |
| ၄း၃၅ | “ပြည်သူ့အတွက် အကောက်ခွန်ဦးစီးဌာနရဲ့ နည်းပညာသစ် MACCA” |
| ၅း၁၅ | Football Magazine (ဧရာဝတီယူနိုက်တက်အသင်း) |
| ၅း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၆း၁၅ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ(မြင့်မြတ်) |
| ၆း၄၅ | “တလုပ်မြို့အမည်ရတဲ့ သမိုင်းဝင်ဒေသ” |
| ၇း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ “တို့မယူလို” (အပိုင်း-၄၂) |
| ၈း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၈း၃၅ | “ရက်(၁၀၀)မှသည် (၆)လစီမံချက်ဆီသို့” (ပထမပိုင်း) |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ “ဘုရင်မရဲ့ပန်းရွှေကြာ” (အပိုင်း-၄၁) -ပြည်သူ့ဂီတ “After Me” (ချမ်းသာ၊ ဝင်းသပြေထွန်း၊ ထက်ရွှေစင်) (ဒါရိုက်တာ-မိုးဇော်ကို) |

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

# ကစားသမား ပျမ်းမျှလစာ အများဆုံးပေးချေရတဲ့ ဘောလုံးကလပ်အသင်းဖြစ်လာတဲ့ မန်ယူ



ပရီမီယာလိဂ်ကလပ် မန်ယူအသင်း ကစားသမားတစ်ဦး တစ်နှစ် ပျမ်းမျှလစာပေးချေရမှုရမှုသည် ပေါင် ၅ ဒသမ ၇၇ သန်း အထိရှိခဲ့ခြင်းကြောင့် ဘောလုံးကလပ်အသင်းများတွင် ကစားသမားလစာ အများဆုံးပေးချေနေရသည့် အသင်းအဖြစ် ထိပ်ဆုံးတွင်ရပ်တည်နေကြောင်း စကိုင်းစပို့ သတင်းဌာနက ထုတ်ပြန်ကြေညာခဲ့သည်။ ကမ္ဘာတစ်ဝန်း အကြွယ်ဝဆုံး လိဂ် ၁၇ ခုရှိ ကစားနည်းခုနစ်မျိုးတွင် ပါဝင်ယှဉ်ပြိုင်နေကြသည့် ကလပ်အသင်း ၃၃၃ သင်းရှိ ကစားသမားပေါင်း ၁၀၀၀၀ နီးပါးကို စစ်တမ်းကောက်ယူခဲ့ရာမှ ယခုကဲ့သို့ ရလဒ်တစ်ရပ်ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့လစာအများဆုံး ပေးချေနေရသည့် ထိပ်တန်းအသင်းသုံးခုဖြစ်သည့် ကလိဗ်လန်းကဲဗာလီယားစ်၊ နယူးယောက် ယန်ကီးစ်နှင့် အယ်လ်အေကလစ်ပါးစ် အသင်းတို့အားလုံးသည် အမေရိကန်ပြည်ထောင်စုရှိ အင်န်ဘီအေအသင်းများပင်ဖြစ်ပြီး ဒုတိယနေရာရှိ နယူးယောက်ရန်ကီးစ်အသင်းမှာ ဘေ့စ်ဘောအသင်းဖြစ်သည်။ ယင်းသို့ အဆိုပါအသင်းသုံးသင်း ကစားသမားလစာ ပမာဏသုံးစွဲမှုစာရင်းကို ဦးဆောင်နိုင်ခြင်းမှာ ဗြိတိန်နိုင်ငံ၏ အီးယူ(ဥရောပသမဂ္ဂ)အဖွဲ့အဖြစ်မှ နုတ်ထွက်ရန်ရှိခြင်းက ဒေါ်လာဈေးနှုန်းအပေါ် သက်ရောက်မှုရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်းလည်း သိရသည်။

မန်ယူအသင်းသည် အားကစားကလပ်အသင်းတွေအားလုံးထဲတွင် စတုတ္ထနေရာ ရပ်တည်ခဲ့သော်လည်း ဘောလုံးကလပ်အသင်းများအားလုံးတွင် ထိပ်ဆုံးနေရာမှ ဦးဆောင်နိုင်ခဲ့သည်။ မန်ယူအနေဖြင့် ယခုနှစ်တွင် လစာအများဆုံးပေးချေရသည့် အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့ရခြင်းသည် ပေါ့ဘာနှင့် အီဗရာဟီမိုဗစ်ချ် တို့ နှစ်ဦးအားခေါ်ယူခဲ့ခြင်းကြောင့် ဖြစ်သည်။ လစာအများဆုံးပေးချေနေရသည့် ထိပ်ဆုံး၁၀သင်းစာရင်းတွင် မန်ယူ၊ ဘာစီလိုနာနှင့် မန်စီးတီးဘောလုံးကလပ်အသင်း သုံးသင်းပါဝင်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်ကဲ့သို့ ကြယ်ပွင့်ကစားသမားအများအပြားစုဝေးနေသည့် အသင်းက ထိပ်တန်း၁၀သင်းစာရင်းတွင် ပါဝင်ခြင်းမရှိသည်ကို အံ့အားသင့်ဖွယ်ရာ တွေ့ရသည်။

ကမ္ဘာ့အားကစားသမားများလစာ စစ်တမ်းအရ ပရီမီယာလိဂ်ကစားသမားတစ်ဦး၏ တစ်နှစ်ပျမ်းမျှ လစာသည် ပေါင် ၂ ဒသမ ၄ သန်း ဖြစ်ခြင်းကြောင့် မန်ယူအသင်းပေးချေနေရသည့် လစာနှုန်းထားသည် ယင်းပမာဏ၏ နှစ်ဆခွဲနီးပါးပင် ရှိနေသည်။ ပရီမီယာလိဂ်လစာပေးချေမှုဟာ အခြားဥရောပထိပ်တန်းလိဂ်များဖြစ်သည့် ဘွန်ဒက်စ်လီဂါ၊ လာလီဂါနှင့် စီးရီးအေတို့နှစ်ဆရှိနေခြင်းကြောင့် မန်ယူအသင်းလစာပေးချေရမှုသည် လာလီဂါကဲ့သို့ ကမ္ဘာ့အကောင်းဆုံးလိဂ်အဖြစ် သတ်မှတ်ထားသည့် လိဂ်ထက်ပင် ငါးဆခန့်ရှိနေသည်။

ကစားသမားထဲမှာ လစာအများဆုံးရရှိသည့် ကစားသမားစာရင်းကို ထိပ်တန်းကစားသမားနှစ်ဦးဖြစ်သည့် စီရိုနယ်လ်ဒိုနှင့် မက်ဆီတို့ပင်ဦးဆောင်နေပြီး ပေါင် ၁၈ ဒသမ ၉၈ သန်းစီဖြင့် ရရှိသည့် လစာနှုန်းထားခြင်းတူညီနေသည်ကိုတွေ့ရသည်။ သူတို့နှစ်ဦးနောက်တွင် ဂါရတ်ဘေးလ်( ရီးယဲလ်မက်ဒရစ်)က ပေါင် ၁၈ ဒသမ ၂ သန်း၊ ဟော့(ရှန်ဟိုင်းအက်စ်အိုင်ပီဂျီ) ၁၆ ဒသမ ၆၄ သန်း၊ ပေါလ်ပေါ့ဘာ(မန်ယူ) ၁၄ ဒသမ ၅၁ သန်းတို့က အစဉ်လိုက်ရပ်တည်လျက်ရှိသည်။



# နာမည်ကျော်များရဲ့ စံပြများနဲ့ စံပြကစားသမားမရှိတဲ့ စီရိုနယ်လ်ဒို

ဘောလုံးလောကတွင်း ကျင်လည်နေတဲ့ လက်ရှိနာမည်ကျော် ကစားသမားတွေဟာ သူတို့ငယ်ဘဝမှာ စံထားတဲ့ကစားသမားတွေကို အတုယူကြိုးပမ်းလာကြတာဖြစ်ပြီး မက်ဆီအစ ဂါရတ်ဘေးလ်အဆုံး အားလုံးလိုလိုဟာ စံပြုထားကြတဲ့ ကစားသမားတွေဆိုတာရှိပေမယ့် ဒီနေ့ဘောလုံးလောကရဲ့ စူပါစတား စီရိုနယ်လ်ဒိုကတော့ သူ့မှာစံထားတဲ့ ကစားသမားမရှိဘူးလို့ ဆိုခဲ့တာကြောင့် ဒီအဖြေကပဲ မီဒီယာတွေကြား သတင်းဖြစ်လာခဲ့ပါတယ်။

အာဂျင်တိုင်းသား မက်ဆီကတော့ သူ့ရဲ့စံပြကစားသမားဟာ အာဂျင်တီးနား သူရဲကောင်း မာရာဒိုနာ မဟုတ်ဘဲ အိုင်းမားဖြစ်ပြီး ခုထိလည်း သူ့ရဲ့အကြိုက်ဆုံးကစားသမားက အိုင်းမားသာဖြစ်တယ်လို့ ဆိုပါတယ်။ အိုင်းမားဟာလည်း အာဂျင်တီးနား လူမျိုးပဲဖြစ်ပြီး မက်ဆီအနေနဲ့ မာရာဒိုနာကို ကျော်လွန်ပြီး သိပ်မထင်ရှားတဲ့ ကစားသမား အိုင်းမားကို အခုလိုရွေးချယ်ခဲ့တာက မာရာဒိုနာက သူ့ကိုတောက်လျှောက်ဝေဖန်ခဲ့လို့ ခံပြင်းတာကြောင့်ဖြစ်မယ်လို့လည်း ကောက်ချက်ဆွဲမှုတွေဖြစ်လာပါတယ်။

ဒီလိုပါပဲ အိုဇေးလ်၊ ဟာဇက်နဲ့ မာရီယို ဂေါ့ဇီတို့ရဲ့ စံပြ ကစားသမားက လက်ရှိရီးယဲလ်မက်ဒရစ် အသင်းနည်းပြဖြစ်နေတဲ့ ဇီဒန်း၊ စပိန်သား ဖာဘရီဂတ်စ်နဲ့ အင်နီယေစတာတို့ရဲ့စံပြက မန်စီးတီးနည်းပြ ဂွါဒီယိုလာ၊ ဘိုင်ယန် ဂိုးသမားနျူအာက အာဆင်နယ်ဂိုးသမားဟောင်း ယန်းလေမန်း စသဖြင့် စသဖြင့် မိမိတို့ကစားတဲ့ နေရာအလိုက် စံပြကစားသမားတွေ အမျိုးမျိုး သတ်မှတ်ကြပေမယ့် စီရိုနယ်လ်ဒိုကတော့ စံပြကစားသမားဆိုတာ မရှိဘူးလို့ ဆိုခဲ့တာကြောင့် သူ့ရဲ့ စံပြကစားသမားဟာ သူကိုယ်တိုင်လို့ပဲပြောချင်တဲ့ ပုံပေါ်တယ်လို့ မီဒီယာတွေက သုံးသပ်အဖြေထုတ်နေကြပါတယ်။

စီရိုနယ်လ်ဒိုက ခုလို တအားကျော်ကြားလာတဲ့ အချိန်ရောက်မှ စံပြကစားသမား မရှိဘူးလို့ဖြေကြားခဲ့တာဖြစ်ပြီး လွန်ခဲ့တဲ့ ၁၀ နှစ်တာကာလက သူ့အကြိုက်ဆုံး ကစားသမားနှစ်ဦးက ပေါ်တူဂီ ကွင်းလယ်ကြယ်ပွင့် ဖီဂို၊ ပြင်သစ်တိုက်စစ်မှူး အွန်နရီတို့နှစ်ဦးလို့ ဖြေကြားခဲ့ဖူးတာကို ပရိသတ်တွေ မှတ်မိကြဦးမှာပါ။ ဒါပေမယ့် ဒီနောက်ပိုင်း ရှစ်နှစ်တာကာလအတွင်း စီရိုနယ်လ်ဒိုတစ်ယောက် အကြီးအကျယ်အောင်မြင်လာတာကြောင့် ဒီလိုကစားသမားတွေဟာ သူ့ထက်သာလွန်သူ မဟုတ်ဘူးလို့ ယူဆတာကြောင့် အခုလို ဖြေကြားခဲ့သလားဆိုတာ စဉ်းစားစရာပါပဲ။

**မေလှဲသင်း – စုစည်းသည်**

## ဘာစီလိုနာမှာ မန်စီးတီးထက် များစွာကြီးကျယ်ခမ်းနားတဲ့ ကလပ်အသင်းဖြစ်ဟု မန်စီးတီးဂိုးသမား ဘရာဗို ရှုမြင်

မန်စီးတီးဂိုးသမား ကလော်ဒီယို ဘရာဗိုက မန်စီးတီးနှင့် ဘာစီလိုနာအသင်းတို့ အသုံးစရိတ်သုံးစွဲမှု အတူတူပင်ဖြစ်သော်လည်း သူ၏ကလပ်အသင်းဟောင်း ဘာစီလိုနာသည် မန်စီးတီးထက် များစွာကြီးကျယ်ခမ်းနားသည့် ကလပ်အသင်းဖြစ်ကြောင်း အံ့အားသင့်ဖွယ်ရာ ထုတ်ဖော်ပြောကြားလိုက်သည်။ ဘရာဗိုမှာ ဘာစီလိုနာအသင်းတွင် ပွဲထွက်ကစားခွင့်အတွက် ဂိုးသမားတာစတီဂန်နှင့် အပြိုင်ဖြစ်နေသည့် အခြေအနေကြောင့် မန်စီးတီးသို့ ယခုနှစ်နွေဈေးကွက်အတွင်း ပြောင်းရွှေ့လာသူဖြစ်သည်။

ဘရာဗိုမှာ ယခုကဲ့သို့ မှတ်ချက်စကားဆိုခဲ့ခြင်းကြောင့် မန်စီးတီးပရိသတ်များ၏ အမျက်ရှမှု ခံရဖွယ်ရှိကြောင်းလည်း မေးလ်အွန်လိုင်းက ဖော်ပြသည်။ ဘရာဗိုက ဘာစီလိုနာမှာ မန်စီးတီးထက် ကြီးကျယ်ခမ်းနားသည့် ကလပ်အသင်းဖြစ်သည်မှန်သော်လည်း ဘာစီလိုနာနည်းပြ အင်းနရစ်က တာစတီဂန်နှင့် သူ့အကြား အလှည့်ကျပွဲထွက်စေသည့်စနစ်ကို ကျင့်သုံးခဲ့သောကြောင့် ပုံမှန်ပွဲထွက်ခွင့်ရမည့် အသင်းသို့ ပြောင်းရွှေ့လာခြင်းဖြစ်သလို၊ နည်းပြ ဂွါဒီယိုလာမှာလည်း ကမ္ဘာ့အကောင်းဆုံးနည်းပြဖြစ်သဖြင့် မန်စီးတီးကို ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။

## ရီးယဲလ်မက်ဒရစ်အသင်းနှင့် ဒါဘီပွဲစဉ်ကို ဂရစ်ဇ်မန်း ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်

ပြင်သစ်အသင်းနှင့် ဆွီဒင်အသင်းတို့ ရင်ဆိုင်ခဲ့သည့် ကမ္ဘာ့ဖလားပွဲစဉ်တွင် ဂရစ်ဇ်မန်းရရှိခဲ့သော ဒဏ်ရာမှာ ခြေထောက်အရိုးကျိုးသွားခြင်းမဟုတ်သည့်အတွက် လာမည့်စနေနေ့( အောက်တိုဘာ ၁၉ ရက်)တွင် ယှဉ်ပြိုင်မည့် ရီးယဲလ်မက်ဒရစ်အသင်းနှင့် မက်ဒရစ်ဒါဘီတွင် ပါဝင်ရန်သေချာကြောင်း အက်သလက်တီကို အသင်းဘက်မှ အတည်ပြုချက် ထုတ်ပြန်ခဲ့သည်။

ဂရစ်ဇ်မန်းမှာ အဆိုပါပွဲစဉ်အတွင်း ဘယ်ခြေထောက်ဒဏ်ရာရရှိခဲ့သဖြင့် ပထမပိုင်းအတွင်းမှာပင် လူစားလဲခံခဲ့ရပြီး အိုင်ဗရီကို့စ်အသင်းနှင့် ယှဉ်ပြိုင်မည့်ပွဲစဉ် ပြင်သစ်အသင်းလူစာရင်းမှ နုတ်ထွက်ခဲ့ရသည်။ ယင်းဒဏ်ရာကို ဒဏ်မှန်ရိုက်ဆေးစစ်မှုများ ပြုလုပ်ပြီးနောက် ရီးယဲလ်အသင်းနှင့် ဒါဘီပွဲကို ဝင်ရောက်ကစားနိုင်ရန် ကုသမှုများပြုလုပ်သွားမည် ဖြစ်သည်။

ဂရစ်ဇ်မန်းရရှိခဲ့သည့် ဒဏ်ရာမှာ ဘယ်ခြေထောက် တစ်သျှူးများအတွင်းရှိ သွေးကြောများပေါက်ထွက်သွားခြင်းသာဖြစ်သဖြင့် ယခုကဲ့သို့ အလျှင်အမြန် ပြန်လည်ကစားနိုင်ရန်ရှိနေခြင်းဖြစ်သည်။

## အာဆင်နယ်နှင့် စာချုပ်သစ်ချုပ်ဆိုရန် ကြန့်ကြာနေသည့် ဆန်းချက်ဇ် မန်စီးတီးနှင့် ချိတ်ဆက်နေသည်ဟု သတင်းထွက်



အာဆင်နယ်အသင်းနှင့် သက်တမ်းတိုး စာချုပ်ချုပ်ဆိုရန် ကြန့်ကြာနေသည့် ဆန်းချက်ဇ်အား မန်စီးတီးအသင်းမှခေါ်ယူရန် ကြိုးပမ်းလာခဲ့သည်ဟု အင်ဒီပန်းဒင့် သတင်းဌာနက ဖော်ပြသည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းကပင် အာဆင်နယ်စတား အိုဇေးလ်အား မန်ယူအသင်းမှ လာမည့်နွေဈေးကွက်တွင် အရခေါ်ယူမည်ဟူသော သတင်းများထွက်လာပြီးနောက် မရှေးမနှောင်းမှာပင် ဆန်းချက်ဇ်အား မန်စီးတီးမှ ခေါ်ယူလိုသည်ဟူသော သတင်းထွက်လာခြင်းဖြစ်သည်။ မန်စီးတီးနည်းပြ ဂွါဒီယိုလာသည် ဆန်းချက်ဇ်အား ဘာစီလိုနာအသင်းကို ကိုင်တွယ်ခဲ့စဉ် လွန်ခဲ့သည့် ငါးနှစ်တာကာလကတည်းက ခေါ်ယူခဲ့ဖူးသူဖြစ်ပြီး ယခုကလပ်အသင်းသစ်တွင် နောက်တစ်ကြိမ် လက်တွဲအလုပ်လုပ်ရန် အားထုတ်လာခြင်းလည်း ဖြစ်သည်။

ဆန်းချက်ဇ်အား ခေါ်ယူလိုသည့် အသင်းများတွင် ဂျူဗင်တပ်နှင့် မန်စီးတီးတို့ကဲ့သို့ အသင်းများလည်း ပါဝင်နေသဖြင့် အာဆင်နယ်အနေဖြင့် ယခုကဲ့သို့ သက်တမ်းတိုး နိုင်ခြင်းမရှိသေးသည့် ကာလအတွင်းနောက်ထပ် စိတ်အနှောင့်အယှက်ဖြစ်စရာ အခြေအနေကို ရင်ဆိုင်နေရခြင်းဖြစ်သည်။ အာဆင်နယ်အသင်းသည် ဩဂုတ်လကတည်းက ဆန်းချက်ဇ်နှင့် စာချုပ်သက်တမ်းတိုးရန် ဆွေးနွေးခဲ့သော်လည်း ယခုထိ သက်တမ်းမတိုးနိုင်သေးဘဲရှိနေရာ အကယ်၍ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိပါက ၂၀၁၈ ခုနှစ်တွင် ဆန်းချက်ဇ်အား အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာခွင့်ပြုရတော့မည်ဖြစ်သည်။

ဆန်းချက်ဇ်၏ လတ်တလောလုပ်ခလစာမှာ တစ်ပတ်ပေါင် ၁၃၀၀၀၀ ဖြစ်ပြီး စာချုပ်သစ် ချုပ်ဆိုဖြစ်ပါက လက်ရှိအာဆင်နယ်တွင် လုပ်ခအများဆုံးရရှိနေသည့် အိုဇေးလ်ထက်ပင် လစာပိုမိုများသည့် ကစားသမားဖြစ်ခွင့်ရမည် ဖြစ်သည်။

# မိတ္ထီလာတွင် (၃၁) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝက်ပါပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ



**မိတ္ထီလာ နိုဝင်ဘာ ၁၄**

မိတ္ထီလာတွင် (၃၁) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝက်ပါပွဲတော်အား သီရိမင်္ဂလာရပ်ကွက်ထီးသုံးဆင့် ရွှေမြင်မိ လေးမျက်နှာဘုရားအနီးကွင်းပြင်တွင် နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိကြောင်း သိရသည်။

"မိတ္ထီလာမှာ ဝက်ပါပွဲတော်ကို လွန်ခဲ့တဲ့ ၉ နှစ်လောက်က နောက်ဆုံးပြုလုပ်ခဲ့တာပါ။ အဲဒီနောက်ပိုင်းမှ မွေးတဲ့ကလေးငယ်တွေဆို ဝက်ပါပွဲတော်ဆိုတာ ခုမှ ပထမဆုံးကြိမ်မြင်ဖူးကြတာပါ။ ဒီနှစ်ဝက်ပါပွဲတော်ကြီးကို မိတ္ထီလာမှာ စည်စည်ကားကားနဲ့ ပြန်လည်ကျင်းပနိုင်လို့ ဝမ်းသာမိပါတယ်။ ဝက်ပါပွဲတော်မှာ ဘုရားအလောင်းဇာတ်တော်၊ ငါးရာ့ငါးဆယ်နိပါတ်တော်ဇာတ်တွေကို ရုပ်သေပြခန်း၊ ပြကွက်တွေနဲ့ ကပြဖျော်ဖြေတာကို ကလေးငယ်တွေစိတ်ဝင်စားပြီး ယဉ်ကျေးလိမ္မာတဲ့ စိတ်ကလေးတွေ ဝင်လာနိုင်တာမို့ အိမ်ကမြေးငယ်တွေကို ဝက်ပါပွဲတော်ကို လိုက်ပို့တာပါ" ဟု နန်းတော်ကုန်းရပ်ကွက်မှ အသက် ၆၁ နှစ်အရွယ်အမျိုးသားကြီးတစ်ဦးက ပြောသည်။

မိတ္ထီလာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝက်ပါပွဲတော်အား လွန်ခဲ့သည့်နှစ်ပေါင်း ၁၄၄ နှစ်ကျော်ကာလကစတင်ပြီး နှစ်စဉ်တန်ဆောင်မုန်းလတွင် ကျင်းပခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် ၂၀၀၇ ခုနှစ် အကြိမ် (၃၀) မြောက်အထိ ကျင်းပခဲ့သည်။ ယခုကျင်းပသည့် (၃၁) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုဝက်ပါပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် အချိန်တစ်လကျော်ခန့်ကြိုတင်ပြင်ဆင်ကာ ရုပ်သေပြပွဲပြကွက်များအတွက် နောက်ခံပန်းချီကားများရေးဆွဲခြင်းလုပ်ငန်း၊ ဝက်ပါလမ်းများတည်ဆောက်ခြင်း၊ မုခ်ဦးများဆောက်လုပ်ခြင်းလုပ်ငန်းများ၊ အလှူငွေရရှိရေးလုပ်ငန်းများ၊ လျှပ်စစ်မီးအလှ ပူဇော်နိုင်ရေးလုပ်ငန်းများကို လုပ်ငန်းအဖွဲ့အသီးသီးခွဲ၍ ထီးသုံးဆင့် ရွှေမြင်မိ လေးမျက်နှာဘုရားဂေါပကအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မိတ္ထီလာဝက်ပါပွဲတော်တွင် အကောက်အကွေ့ပေါင်း ၈၈၈ ခုဖြင့် ထည့်သွင်းတည်ဆောက်ထားပြီး ဝက်ပါလမ်းတစ်လျှောက် မုခ်လေးမုခ်ပါ ဗုဒ္ဓရုပ်ပွားဆင်းတုတော်လေးဆူ၊ မုခ်တစ်ခုစီတွင် ဗုဒ္ဓရုပ်ပွားဆင်းတုတော်တစ်ဆူစီ နေရာငါးခုတွင် သီတင်းသုံးပြီး ဝက်ပါအတွင်းလမ်းလျှောက်သူများက ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ဖူးမြော်ကြည်ညိုကာ နိဗ္ဗာန်ရည်မှန်း လှူဒါန်းငွေများကိုလည်း ထည့်ဝင်လှူဒါန်းကြသည်။

ယခုနှစ် မိတ္ထီလာတွင် ပြန်လည်ကျင်းပသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု ဝက်ပါပွဲတော်တွင် ယနေ့ခေတ်လူငယ်များ အတုယူမှတ်သားဖွယ် ဇွဲလုံ့လနှင့် သီလတရားတို့ကြောင့် အောင်မြင်မှုများ ရယူပိုင်ဆိုင်နိုင်ခဲ့သည့် ဘုရားအလောင်းတော် မဟာဇနကဇာတ်တော်ကြီးအား တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ လပြည့်နေ့အထိလည်းကောင်း၊ ပညာအရာဖြင့် အောင်မြင်မှုရရှိပုံကို သိရှိမှတ်သားဖွယ်များပါဝင်သည့် မင်းကုသဇာတ်တော်ကြီးအား တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်မှ ၃ ရက်အထိလည်းကောင်း၊ ရုပ်သေပြခန်း ၁၀ ခန်း တွင် ရုပ်သေပြကွက်များဖြင့် ဒေသခံအနုပညာဝါသရှင်သရုပ်ဆောင်များက ပါဝင်သရုပ်ဆောင်ပြသကြောင်း သိရသည်။

မိတ္ထီလာဝက်ပါပွဲတော်တွင် လာရောက်ကြည့်ရှုလည်ပတ်သူများက ရုပ်သေပြခန်း၊ ပြကွက်များကို စိတ်ဝင်တစားကြည့်ရှုအားပေးပြီး ဝက်ပါလမ်းတွင်လည်း ပျော်ရွှင်ကာ လည်ပတ်လမ်းလျှောက်၍ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ကြည်ညိုဖူးမြော်ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု ဝက်ပါပွဲတော်မှာ ဘုရားအလောင်း ဝေဿန္တရာမင်းကြီးဇာတ်တော်တွင်ပါဝင်သည့် အကောက် ၁၀၀၀ ဝက်ပါတောင်အား အခြေခံကာ ရှေးအစဉ်အဆက် ကျင်းပသည့်ပွဲတော်တစ်ခုဖြစ်ပြီး ဒါနပါရမီ၊ သီလပါရမီ၊ နိက္ခမပါရမီများကို သိရှိနားလည်ကာ ကုသိုလ်ကောင်းမှုပြုနိုင်ရေးအတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# အင်းဝမြို့ရှိ ဗားကရာကျောင်းသို့ ခရီးသွားများနှင့် ကျောင်းသား၊ ကျောင်းသူများ လာရောက်လည်ပတ်မှုများလာ

**တံတားဦး နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းရှိ ဗားကရာကျောင်းသို့ ပြည်တွင်းပြည်ပခရီးသွားများနှင့် ကျောင်းသားလူငယ်များ လာရောက်လည်ပတ်မှု များပြားလျက်ရှိကြောင်း သိရသည်။

"ဒီကျောင်းကြီးကို ပြည်တွင်း၊ ပြည်ပခရီးသွားနဲ့ ကျောင်းသား၊ ကျောင်းသူတွေ လာရောက်လည်ပတ်တာ တော်တော်လေးများတယ်။ ဒီနှစ်ထူးခြားတာက ကျောင်းသူ၊ ကျောင်းသားလေးတွေ လာရောက်လေ့လာတာ အတော်များတယ်။ ကိုယ်ပိုင်ကျောင်းတွေကဆိုရင် ကျောင်းသားလေးတွေ အုပ်စုလိုက်လာရောက်လည်ပတ်လေ့လာကြတာ တွေ့ရတယ်။ တစ်ခါလာလိုက်ရင် ကားလေးစီး၊ ငါးစီးလောက်ရှိတယ်။

"ပြည်တွင်း၊ ပြည်ပခရီးသွားတွေရော၊ ကျောင်းသားလေးတွေရောဆိုတော့ ယခုရက်ပိုင်း တော်တော်လေးများတယ်။ ရှေးခေတ်မြန်မာပညာရှင်တွေရဲ့ ဗိသုကာလက်ရာတွေ၊ ရှေးဟောင်းအနုပညာလက်ရာတွေ ကျောင်းတော်ကြီးကို လာရောက်လေ့လာကြတယ်။ ရှေးဘုရင်တွေလက်ထက်က ဆောက်လုပ်ခဲ့တဲ့ ကျောင်းကြီးဆိုတော့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေ၊ အလွန်ရှားပါးတဲ့ ရှေးဟောင်းဗိသုကာလက်ရာတွေ၊ ပန်းပုလက်ရာတွေ၊ ရုပ်တုတွေ၊ ကျောင်းကြီးရဲ့ကျွန်းတိုင်ကြီးတွေ၊ ပြာသာဒ်တွေကို စိတ်ဝင်တစားလေ့လာကြပါတယ်" ဟု ဒေသခံတစ်ဦးက ပြောကြားသည်။

ဗားကရာကျောင်းတော်ကြီး၏ ဘေးပတ်လည်တွင် အုတ်လှေကားငါးစင်းတပ်ဆင်ထားပြီး ပြာသာဒ်ဆောင်၌ ကိန္နရာရုပ်တုများ၊ ပွတ်လုံးများ၊ ပန်းပုရုပ်များဖြင့်တန်ဆာဆင်ထားပြီး တံခါးပြတင်းများ၌ နတ်ရုပ်များ၊ ပန်းနွယ်၊ ပန်းခက်များဖြင့်လည်းကောင်း၊ ခါးပန်းများ၌ လက်ရန်းများထိပ်တွင် ခြသေ့ံပုံ၊ ပန်းပုရုပ်များ၊ ပွတ်လုံးများ၊ လက်ရန်းထိပ်ပိုင်းတွင် ခြသေ့ံကိုယ်၊ ဘီးလူးခေါင်းပုံရုပ်တုများဖြင့် တန်ဆာဆင်ထားကြောင်း တွေ့ရသည်။ ကျောင်းတော်ကြီးအား စတုတ္ထအင်းဝမြို့တည် ဘကြီးတော်ဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၁၉၆ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပြီး သစ်သားကျွန်းတိုင်များဖြင့် တည်ဆောက်ထားသည်။ ကျွန်းတိုင်ပေါင်း ၂၆၇ လုံးပါရှိပြီး အကြီးဆုံးကျွန်းတိုင်မှာ လုံးပတ်ကိုးပေရှိကြောင်း၊ ဗားကရာကျောင်း၏ အကျယ်အဝန်းမှာ အလျား ၁၈၈ ပေ၊ အနံ ၁၀၃ ပေရှိ သစ်သားကျောင်းကြီးဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**





# အိမ်သုံးပရိဘောဂနှင့်ခုတင်များကို သံထည်ပစ္စည်းများဖြင့် တွင်ကျယ်စွာပြုလုပ်လာ

**မန္တလေး နိုဝင်ဘာ ၁၄**

ဖွံ့ဖြိုးတိုးတက်လာသောကာလတွင် ဆောက်လုပ်ရေးလုပ်ငန်းများ၊ အိမ်သုံးပရိဘောဂများနှင့် ခုတင်များကို သံထည်ပစ္စည်းများဖြင့် ပြုလုပ်မှုများပြားလာသည်။ သစ်သားထက် သံထည်ကုန်ကြမ်းများမှာ လွယ်ကူစွာ ဝယ်ယူရရှိနိုင်ခြင်းကြောင်း ပိုမိုတွင်ကျယ်စွာ ပြုလုပ်လာကြသည်။

သံခုတင်များကို ကုမ္ပဏီများကပါ ဝန်ထမ်းများအတွက် တွင်ကျယ်စွာ မှာယူလာကြသည်။ ခုတင်ပြုလုပ်ရာတွင် နှစ်ယောက်အိပ်ခုတင်ကို အလျားခြောက်ပေခွဲ၊ အနံခြောက်ပေအဖြစ် ပြုလုပ်ရသည်။ နှစ်ယောက်အိပ်ခုတင်တစ်လုံးလျှင် ငွေကျပ် ၉၅၀၀၀ ပေးရသည်။ တစ်ယောက်အိပ်ခုတင်တစ်လုံးလျှင် ငွေကျပ် ၇၅၀၀၀ ပေးရသည်။ ခုတင်များပြုလုပ်မှုတွင် ခြင်ထောင်တိုင်များပါ ထည့်သွင်းပြုလုပ်ပေးရသည်။

လက်ရှိကာလတွင် ကုမ္ပဏီများနှင့်ချိတ်ဆက်ကာ သံခုတင် ၁၀၀၀ အထိ အော်ဒါရရှိထားသည်။ သံကုန်ကြမ်းကို အလွယ်တကူဝယ်ယူရရှိသည်။ သံခုတင်များပြုလုပ်ခြင်းနှင့်အတူ သံထည်အဆောက်အအုံများပါ တည်ဆောက်ပေးကြသည်။ လုပ်ငန်းအခြေအနေပေါ် မူတည်ကာ အလုပ်သမားအနည်းအများ ကွာခြားသွားတတ်သည်။ လက်ရှိကာလတွင် ကုမ္ပဏီများနှင့်ဆက်စပ်ကာ သံခုတင်များကို တွင်ကျယ်စွာ ပြုလုပ်ပေးနေရသည့်အတွက် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# ငါးသားပေါက်လုပ်ငန်းမှငါးမျိုးများ စျေးနှုန်းချိုသာစွာဖြန့်ဖြူးပေး

**ကျွန်းလှ နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ငါးမွေးမြူသူ ဒေသခံပြည်သူများအား တစ်ပိုင်တစ်နိုင် ငါးသားပေါက်လုပ်ငန်းမှ ငါးမျိုးများ စျေးနှုန်းချိုသာစွာ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ငါးသားပေါက်လုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေဖြင့် ငါးမွေးသူများအား ငါးမျိုးဖြန့်ဖြူးပေးနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ ငါးကြင်းငါးမျိုးတို့ကို တစ်ကောင်လျှင် အကောင်အသေးအကြီးပေါ်မူတည်၍ သုံးကျပ်မှ ငါးကျပ်အထိ ရောင်းချပေးနေကြောင်း ငါးသားပေါက်လုပ်ငန်းရှင် ဦးဝင်းမြင့်က ပြောကြားသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

# မြဝတီ–မဲဆောက်သို့ ပြည်တွင်းခရီးသွားများ လာရောက်လေ့လာ လည်ပတ်မှုများပြား

**မြဝတီ နိုဝင်ဘာ ၁၄**

မြဝတီ-မဲဆောက်သို့ ပြည်တွင်းခရီးသွားများမှာ စက်တင်ဘာလ (ဝါကျွတ်ကာလ)မှ စတင်ကာ ခရီးသွားများ၊ လာရောက်လည်ပတ်လေ့လာသူများက ယခင်နှစ်များထက် ပိုမိုများပြားလာနေကြောင်း သိရသည်။

ခရီးသွားပို့ဆောင်ရေးလုပ်ကိုင်ပေးနေသူ ဦးဇေယျာသော်က "မြဝတီကနေ ထိုင်းနိုင်ငံ မဲဆောက်မြို့ကို ရန်ကုန်နဲ့ မန္တလေးက အလာများပါတယ်။ ဧရာဝတီ၊ မွန်၊ ကရင်၊ တနင်္သာရီဘက်ကလူတွေလည်း လာရောက်တာကို တွေ့ရပါတယ်။ ခရီးသွားအများစုက အဓိက ဦးအောင်ဇေယျနတ်နန်း၊ ရွှေကျောင်း၊ နဂါးဂူ၊ မဲ့ကဇာရေပူစမ်း ရေအေးရေတံခွန်၊ မြွေကျောင်း၊ ရော်ဘန်ဇံကုန်တိုက်နဲ့ မိုက်ကဂရို့စ် ဟုံလုံလိုတ ကုန်တိုက်တွေကို သွားရောက်လည်ပတ်ကြပါတယ်" ဟု ပြောသည်။

အဆိုပါ မြဝတီ-မဲဆောက်ခရီးစဉ်တွေကို မိသားစုစီးကား၊ အသင်းအဖွဲ့လိုက် ကိုယ်ပိုင်ကားများနှင့် သွားရောက်လည်ပတ်နေကြသူများရှိသည့်အပြင် မြဝတီ-မဲဆောက်ခရီးစဉ်ကို တိုက်ရိုက်ပြေးဆွဲပေးနေသောကားများမှာ ကျပ်ငွေ ၅၀၀၀၀၊ အထင်ကရနေရာ ၁၁ နေရာများကို တစ်ရက်တာခရီးစဉ်မှာ ကျပ်ငွေ ၁၂၀၀၀၀ နှုန်းသာ ကျသင့်ကြောင်းသိရသည်။

**ထွန်းထွန်း(ရေး)**



# ထူးကြီးမြို့တွင် ပြည်သူလူထုနှင့် လွှတ်တော်ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

**အင်္ဂပူ နိုဝင်ဘာ ၁၄**

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ထူးကြီးမြို့ခန်းမ၌ နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီ ခွဲက ပြည်သူလူထုနှင့် လွှတ်တော်ကိုယ်စားများ၊ ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

တွေ့ဆုံပွဲတွင် အင်္ဂပူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဉက္ကာက မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဗိုလ်ဇင်တို့က လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများအတွက် ဆောင်ရွက်ပေးနိုင်မှုနှင့် လွှတ်တော်အတွေ့အကြုံများ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသော ပြည်သူများမှ မိမိဒေသအတွက်လိုအပ်သော ပညာရေး၊ လျှပ်စစ်မီးလင်းရေးလိုအပ်ချက်များ၊အခက်အခဲများကို တင်ပြရာ သက်ဆိုင်ရာဌာနဆိုင်ရာများမှ ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က လိုအပ်ချက်များအား ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဗိုလ်ဗိုလ်ဇင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉက္ကာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများ စုစုပေါင်း ၁၂၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# လျှပ်စစ်အန္တရာယ်ကင်းဝေးရေး ဓာတ်တိုင်များပြုပြင်

**ကန်ကြီးထောင့် နိုဝင်ဘာ ၁၄**

ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ စိတ်ချလုံခြုံစွာ သုံးစွဲနိုင်ရေးအတွက် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဒါးကကျေးရွာရှိ ယိုင်နေသောဓာတ်အားတိုင်များ ပြန်လည်တည့်မတ်ခြင်းကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ကန်ကြီးထောင့်-ဒါးက 11KV ဓာတ်အားလိုင်း၊ ဒါးကကျေးရွာတွင်းရှိ ယိုင်နေသောနှစ်တိုင်စင်တစ်ခုနှင့် 11KV ဓာတ်အားပေးတိုင် ခြောက်တိုင်တို့အား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားတိုင်များ ကြံ့ခိုင်ရေးတို့အတွက် တိုင်များအား ပြန်လည်တည့်မတ်ခြင်း၊ ပြုပြင်ခြင်းများအား မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးသီဟစိုးကြီးကြပ်၍ ဝန်ထမ်းများနှင့်အတူ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါဓာတ်အားလိုင်းများ ပြင်ဆင်ခြင်းမပြုမီ နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းက ဒါးကကျေးရွာရှိ ပြည်သူများအား ဓာတ်အားတိုင်များ ပြုပြင်ခြင်းများဆောင်ရွက်ချိန်တွင် ဓာတ်အားများ ခေတ္တဖြတ်တောက်ထားမည့်အကြောင်း ကြိုတင်အသိပေး ကြေညာပေးထားကြောင်း သိရသည်။ **နန်းထိုက် (ပြန်/ဆက်)**

# Mixagrip Fun Walk အစီအစဉ်ဖြင့် လူထုလမ်းလျှောက်ပွဲ မန္တလေးမြို့တွင် တပျော်တပါးဆင်နွှဲ



**မန္တလေး နိုဝင်ဘာ ၁၄**

Mixagrip Fun Walk အစီအစဉ်ဖြင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် လူထုလမ်းလျှောက်ပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၆ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းရှိ မန္တလာသီရိအားကစားကွင်း၌ ကျင်းပသည်။

စုပေါင်းလမ်းလျှောက်ပွဲသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့အစည်းဝင်များ၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းအုပ်ကြီး ဦးမျိုးမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝေဇင်နှင့် မြို့နယ်အားကစားမှူးများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ကျောင်းသား၊ ကျောင်းသူများ၊ ဘောလုံးအကယ်ဒမီ(မန္တလေး) ကျောင်းသား၊ ကျောင်းသူများ၊ ဆေးတက္ကသိုလ်(မန္တလေး) ကျောင်းသား၊ ကျောင်းသူများ၊ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသူ၊ ကျောင်းသားများ၊ အားကစားစိတ်ဝင်စားသူများ ပါဝင်ကြပြီး မန္တလာသီရိအားကစားကွင်းမှ ၇၃ လမ်း၊ ၆၈ လမ်း၊ ငုရွှေဝါလမ်းမှ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းရှိမန္တလာသီရိအားကစားကွင်းအရှေ့ပေါက်မှ ပြန်လည်ဝင်ရောက်ကာ စုပေါင်းကာယလေ့ကျင့်ခန်းများပြုလုပ်ကြသည်။

ယင်းနောက် ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပရာ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ဒေါက်တာခင်မောင်လွင်က မိုးအကုန်ဆောင်းအကူးတွင် ဖြစ်ပွားတတ်သော အအေးမိနှာစေးချောင်းဆိုးနှင့် တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေးဟောပြောပြီး ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုကြရာ အဖြေမှန်ကန်သူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**

# ကျိုက်ထိုမြို့နယ်တွင် နယ်လှည့်စာကြည့်တိုက်ဖြင့် ပြည်သူများကို ဝန်ဆောင်မှုပေး

**ကျိုက်ထို နိုဝင်ဘာ ၁၄**

ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ကျေးလက်နေပြည်သူများ အသိပညာ၊ အတတ်ပညာရရှိစေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ဖြစ်လာစေရန် ကျေးရွာများသို့သွားရောက်၍ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာဖတ်ဝိုင်းများပြုလုပ်၍ ဆွေးနွေးပွဲများကို ပြုလုပ်ပေးလျက်ရှိရာ နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက ကျိုက်ထိုမြို့နယ် ကျူချောင်ကျေးရွာအုပ်စု စကကျေးရွာဓမ္မာရုံ၌ နယ်လှည့်စာကြည့်တိုက်ကို ဖွင့်လှစ်၍ ပြည်သူများကို ဝန်ဆောင်မှုပေးခဲ့သည်။

နယ်လှည့်စာကြည့်တိုက်ဖြင့် ဝန်ဆောင်မှုပေးရာတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်က မိမိပတ်ဝန်းကျင်ရှိ လူမှုဘဝဖွံ့ဖြိုးတိုးတက်နေသူများမှာ စာဖတ်ခြင်းကြောင့် အောင်မြင်နေကြသူများဖြစ်သည်ကို တွေ့မြင်နေရမှာဖြစ်ကြောင်း၊ မိမိတို့ဦးစီးဌာနအနေဖြင့် လူငယ်လူရွယ်များအား အသိပညာ၊ အတတ်ပညာရရှိစေရန် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စာဖတ် စာမှတ်၍ ပုံပြောပြိုင်ပွဲ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများကို ပြုလုပ်ပေးနေခြင်းဖြစ်ကြောင်း အစရှိသည်တို့ကို ရှင်းလင်းပြောကြားပြီး စာဖတ်ဝိုင်းများပြုလုပ်၍ အပြန်အလှန် ဆွေးနွေးပွဲကို ပြုလုပ်ခဲ့သည်။

ဆက်လက်၍ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ရှင်သန်ခိုင်မာရေးအတွက် မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းမော်က စာကြည့်တိုက်ကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များကို ပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**



# ကြို့ပင်ကောက်မြို့နယ်ရဲတပ်ဖွဲ့ ညပိုင်းပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်

**ကြို့ပင်ကောက် နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်ရဲတပ်ဖွဲ့သည် တရားမဝင်မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲမှုပပျောက်ရေး၊ ဒုစရိုက်ရမ်းကားမှုများ မဖြစ်ပေါ်စေရေး၊ လူကိုအန္တရာယ်ဖြစ်စေတတ်သော တုတ်၊ ဓား လက်နက်များ ကိုင်ဆောင်မှုပပျောက်ရေး၊ မှုခင်းကျဆင်းရေးတို့ကိုရည်ရွယ်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူးဝင်းထွန်းတို့၏ အနီးကပ်ကြီးကြပ်မှုဖြင့် ညပိုင်းပိတ်ဆို့ရှာဖွေစစ်ဆေးမှုများကို နိုဝင်ဘာ ၁၂ ရက်ညက ဆောင်ရွက်ခဲ့ရာ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ထက်နိုင်ရှိန် ဦးဆောင်သောအဖွဲ့သည် ပန်းတင်ရပ်ကွက် ပန်းတင်လမ်းမကြီး ရပ်ကွက်ရုံးရှေ့တွင် ပိတ်ဆို့ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ဒုရဲအုပ်ထက်နိုင်ရှိန်က "ကျွန်တော်တို့ရဲတပ်ဖွဲ့တွေက ပြည်သူတွေအေးအေးချမ်းချမ်း နေထိုင်သွားလာနိုင်ဖို့ မြို့အဝင်အထွက်နေရာတွေဖြစ်တဲ့ ပန်းတင်ရပ်ကွက် ပန်းတင်လမ်းမကြီး၊ အနောက်လမ်းမတော်လမ်း၊ နွယ်ခွေရပ်ကွက်ရုံးရှေ့နဲ့ ရန်ကုန်ပြည်လမ်း မြို့လယ်ချောင်းကျေးရွာတို့မှာ တစ်ပြိုင်တည်းပိတ်ဆို့ရှာဖွေစစ်ဆေးမှုတွေကို ဆောင်ရွက်နေတာပါ" ဟုပြောကြားခဲ့သည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# ညောင်ဦးခရိုင်၌ ၂၀၁၆–၂၀၁၇ ခုနှစ် မိုးသီးနှံစိုက်ဧက ၆၁၄၄၃၂ ဧကလျာထားခဲ့သော်လည်း ၅၉၆၈၄၇ ဧကသာ စိုက်ပျိုးနိုင်ခဲ့



**ညောင်ဦး နိုဝင်ဘာ ၁၄**
မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်သည့် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်သည် မိုးရွာသွန်းမှုနည်းပါးခြင်းကြောင့် ဒေသခံတောင်သူများအနေဖြင့် သီးနှံများဆုံးရှုံးပျက်စီးခဲ့ရသည်။ ညောင်ဦးမြို့နယ်တွင် ရပ်ကွက် ၁၇ ရပ်ကွက်၊ ကျေးရွာအုပ်စု ၇၄ အုပ်စု၊ ကျေးရွာပေါင်း ၂၂၀ ရှိပြီး ဒေသခံတောင်သူအများစုသည် လယ်လုပ်သူနည်းပါးပြီး ယာလုပ်ကိုင်သူများကြသည်။ ယင်းကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာများအတွက် မြစ်ရေတင်စီမံကိန်းလုပ်ငန်းနှင့် ရေတွင်း၊ ရေကန်တူးဖော်ခြင်းလုပ်ငန်းများကို ၁၉၉၅ ခုနှစ်ခန့်က စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ညောင်ဦးမြို့နယ်ရှိ ဒေသခံစိုက်ပျိုးတောင်သူများမှာ မြစ်ရေတင်ကိုအားထား၍ မိုးစပါး၊ နှမ်းစပါးနှင့် အခြားသီးနှံများကို စိုက်ပျိုးကြရသည်။

ညောင်ဦးခရိုင်အတွင်း မြစ်ရေတင်စနစ်ဖြင့် ရေပေးဝေလျက်ရှိသော လုပ်ငန်းကြီးငါးခုမှာ ငါ့သရောက်မြစ်ရေတင်၊ လက်ပန်ခြေပေါ်မြစ်ရေတင်၊ သူကောင်းတည်မြစ်ရေတင်၊ ကျောက်ကူးမြစ်ရေတင်နှင့် လောကနန္ဒာ မြစ်ရေတင်လုပ်ငန်းများဖြစ်သည်။ မြစ်ရေများကို ထပ်ဆင့်ရေတင်စခန်း ၁၇ ခုဖြင့် ရေတင်ပေးလျက်ရှိရာ ပင်မမြောင်း ၁၀ ဒသမ ၆၈ မိုင်နှင့် လက်တံမြောင်း ၁၉ ဒသမ ၆ မိုင် အရှည်ဖြင့် ရေစုပ်စက်အလုံး ၇၀၊ ထရန်စဖော်မာ ၁၉ လုံးအသုံးပြု၍ ဒေသခံကျေးလက်နေ တောင်သူများကို ရေဖြန့်ဖြူးပေးဝေနေကြောင်း အဆိုပါဌာနမှသိရသည်။

"ညောင်ဦးမြို့နယ်မှာ မြစ်ရေတင်စနစ်နဲ့ ၂၀၁၆-၂၀၁၇ ခုနှစ် မိုးသီးနှံစိုက်ပျိုးနိုင်ခဲ့တာဆိုရင် မိုးစပါး ၂၀၃၃ ဧက၊ မိုးသီးနှံအခြား ၄၆၃၇ ဧက စုစုပေါင်း ဧက ၆၆၇၀ ကို မြစ်ရေတင်စနစ်ဖြင့် စိုက်ပျိုးနိုင်ခဲ့ပြီး ဒေသခံစိုက်ပျိုးတောင်သူများအနေနဲ့ မြစ်ရေတင်ဖြင့် စိုက်ပျိုးမယ်ဆိုရင် စပါးတစ်ဧက ၆၀၀၀ ကျပ်၊ အခြားသီးနှံ ၃၀၀၀ ကျပ်ကို ကျွန်တော်တို့ဌာနကို ပေးဆောင်ကြရမှာပါ" ဟု ညောင်ဦးခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (မြစ်ရေတင်) ခရိုင်ဦးစီးမှူး ဦးဝင်းခိုင်ကဆိုသည်။

ညောင်ဦးမြို့ စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဌေးနိုင်က "ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်မှာ အသားတင်စိုက်ပျိုးနိုင်တဲ့မြေမှာ ၁၆၁၀၂၅ ဧကရှိပြီး လယ်မြေ ၂၅၆ ဧက၊ ယာမြေ ၁၅၃၅၂၃ ဧက၊ ကိုင်းကျွန်းမြေ ၇၀၄၁ ဧက၊ ဥယျာဉ်မြေ ၂၀၅ ဧကရှိပါတယ်။ ညောင်ဦးမြို့နယ်ရှိ မြစ်ရေတင်လုပ်ငန်းအလိုက် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ မိုးသီးနှံဧက ၆၆၇၀ ကို စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ညောင်ဦးခရိုင်အနေဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ်မှာ မိုးသီးနှံ ၆၁၄၄၃၂ ဧကကို လျာထားခဲ့သော်လည်း ၅၉၆၈၄၇ ဧကကိုသာ စိုက်ပျိုးပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ဌာနနဲ့ မြစ်ရေတင်စီမံကိန်းမှ တာဝန်ရှိသူများပူးပေါင်းပြီး ရက်ခြားဆိုသလို ဒေသခံတောင်သူပညာပေးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိနေပါတယ်" ဟု ဆိုသည်။

ဒေသခံစိုက်ပျိုးတောင်သူများက "ကျွန်တော်တို့ဒေသက မိုးနည်းရပ်ဝန်းဒေသဖြစ်တာကြောင့် စိုက်ပျိုးသီးနှံတွေ စိုက်သလောက် မဖြစ်လို့ တစ်ပိုင်တစ်နိုင်မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ကြရပါတယ်။ ဒီဒေသက တောင်သူအများစုဟာ သောက်သုံးရေ၊ စိုက်ပျိုးရေအတွက်ပဲ စိတ်ပူနေရတာပါ။ သက်ဆိုင်ရာဌာနတွေကလည်း ရေအတွက်လုပ်ပေးတယ်ဆိုပေမယ့် ထင်သလောက်မဟုတ်ပါဘူး။ အခုဆိုရင် နေ့စဉ်ထုတ်သတင်းစာတွေ၊ ရုပ်မြင်သံကြား အစရှိတဲ့ မီဒီယာပေါင်းစုံက ကျေးလက်ဒေသတွေမှာ နေထိုင်ကြတဲ့ ပြည်သူတွေရဲ့ နေ့စဉ်ခံစားနေကြရသော ဘဝများကို ရေးသားဖော်ပြနေပေးမယ့် သက်ဆိုင်ရာဌာနများအနေဖြင့် အားနည်းမှုတွေ ရှိနေတာ လက်တွေ့မြင်တွေ့နေရပါတယ်။ ဒီဒေသက စိုက်ပျိုးတောင်သူများဟာ မြစ်ရေတင်ရှိနေတာကြောင့် စိုက်ပျိုးဖို့နဲ့ သောက်သုံးဖို့ အဆင်ပြေနေတာပါ။ တကယ်တမ်းသောက်သုံးဖို့ ရေအတွက်ကို လုပ်ကိုင်ပေးရမှာဆိုရင် ကျေးလက်ရေပေးဝေရေး စတဲ့ဌာနတွေက လုပ်ကိုင်ပေးရမှာ။ ဒါပေမယ့်လုပ်ကိုင်ပေးထားခြင်းတော့ နည်းပါးပါတယ်" ဟု ပြောကြားသည်။

ယင်းကြောင့် အဆိုပါဒေသများသည် ရွှေမရှိ၍ဖြစ်သော်လည်း ရေမရှိ၍မဖြစ်သော ဒေသများဖြစ်သလို ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မိုးသီးနှံစိုက်ဧက ၆၁၄၄၃၂ ဧကလျာထားခဲ့သော်လည်း ၅၉၆၈၄၇ ဧကကိုသာ ညောင်ဦးခရိုင်၌ စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(မလှိုင်)**

## နှမ်းစပါးစိုက်ရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း နှမ်းစပါးဧက ၅၀၀၀၀၀ ကျော်စိုက်ပျိုးနိုင်ရေး လျာထား

**မုံရွာ နိုဝင်ဘာ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ ဆန်ဖူလုံစွာစားသုံးနိုင်ရန်နှင့် ပိုလျှံသောစပါးများကို တင်ပို့ရောင်းချနိုင်ရေးအတွက် ၂၀၁၆-၂၀၁၇ နှမ်းစပါးစိုက်ရာသီတွင် နှမ်းစပါးဧက ၅၁၁၀၀၀ စိုက်ပျိုးနိုင်ရေး လျာထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လယ်ယာလုပ်ငန်းကို ရွှေဘို၊ ကသာနှင့် ကန့်ဘလူခရိုင်တို့တွင် အများဆုံးစိုက်ပျိုးကြပြီး စိုက်ပျိုးရေရရှိရေးကို ဆည်ရေသောက်၊ လျှပ်စစ်မြစ်ရေတင်၊ မြေအောက်ရေ၊ ရေလျှံတွင်း၊ ချောင်းပိတ်၊ မြောင်းပိတ်စနစ်တို့ဖြင့် အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

"သတ်မှတ်လျာထားချက်ပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်တဲ့စိုက်ပျိုးရေးနည်းပညာတွေ၊ စိုက်ပျိုးစရိတ်ချေးငွေတွေ အချိန်မီရရှိရေးတို့ကို သက်ဆိုင်ရာတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနေပါတယ်။ ပြီးခဲ့တဲ့မိုးရာသီမှာ တချို့ဒေသတွေမှာ မိုးရွာသွန်းမှုများပြီး ပျက်စီးမှုတွေရှိခဲ့တဲ့အတွက် မိုးစပါးနောက်ကျစိုက်တဲ့လယ်တွေကတော့ နှမ်းစပါးစိုက်ပျိုးမှု နောက်ကျနိုင်တယ်။ အဲဒီလယ်တွေအတွက် အထွက်နှုန်းကောင်းပြီး သက်တမ်းတိုတိုနဲ့စိုက်ပျိုးနိုင်မယ့် စပါးမျိုးတွေကို အသုံးပြုနိုင်ဖို့အတွက် စီစဉ်နေပါတယ်။ နှမ်းစပါးစိုက်ပျိုးရေအတွက် ဆည်ရေတွေကတော့ ခါတိုင်းနှစ်တွေနဲ့စာရင်တော့ လုံလောက်နိုင်မှာပါ" ဟု တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၅-၂၀၁၆ ခုနှစ် နှမ်းစပါးစိုက်ရာသီတွင် ဧက ၅၁၀၅၀၀ ကို စိုက်ပျိုးရန်လျာထားခဲ့ရာ ရာသီကုန်တွင် နှမ်းစပါး ၃၄၀၁၃၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှမ်းစပါးစိုက်ရာသီတွင် စစ်ကိုင်းခရိုင်အတွင်း ဧက ၁၃၀၀၀၊ မုံရွာခရိုင်အတွင်း ဧက ၁၄၀၅၀၊ ယင်းမာပင်ခရိုင်အတွင်း ဧက ၈၄၅၀၊ ရွှေဘိုခရိုင်အတွင်း ၃၇၆၁၃၇ ဧက၊ ကန့်ဘလူခရိုင်အတွင်း ၃၁၅၆၃ ဧက၊ ကသာခရိုင်အတွင်း ဧက ၂၂၈၀၀၊ ကလေးခရိုင်အတွင်း ဧက ၁၄၃၀၀၊ မော်လိုက်ခရိုင်အတွင်း ဧက ၁၇၇၀၀၊ တမူးခရိုင်အတွင်း ဧက ၂၇၀၀ နှင့် ခန္တီးခရိုင်အတွင်း ဧက ၁၀၃၀၀ စုစုပေါင်း ဧက ၅၁၁၀၀၀ စိုက်ပျိုးနိုင်ရေး လျာထားလျက်ရှိကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**



## မျိုးစေ့ထုတ်စိုက်ခင်း စံကွက်ရိတ်သိမ်းပွဲကျင်းပ

**ကြံခင်း နိုဝင်ဘာ ၁၄**
ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါး သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၁၂ ရက်က ကြံခင်းမြို့နယ် ဘက်ရဲမြို့ အမှတ်(၂)ရပ်ကွက် ကွင်းအမှတ် (၅၈/က) ဦးပိုင်အမှတ် (၈၃/၃) ရှိ တောင်သူဒေါ်သန်းအိ၏ ဆင်းသုခမျိုးစပါး စီးပွားဖြစ် မျိုးသန့်မျိုးပွား မျိုးစေ့ထုတ်စိုက်ခင်း၌ စံကွက်ရိတ်သိမ်းပွဲ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းဝင်းက တောင်သူများအနေဖြင့် မျိုးစေ့များအမည် မှန်ကန်စွာခေါ်ဝေါ်သုံးစွဲရန်၊ စီးပွားဖြစ်မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရန်၊ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူမှုစီမံချက်အရ တစ်ဧကအထွက်နှုန်းနှင့် အထွက်များကို တွက်ချက်ခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။ အဆိုပါစံကွက်ကိုရိတ်သိမ်းခဲ့ရာ တစ်ဧကအစိုအထွက်နှုန်း ၁၃၅ ဒသမ ၁၉ တင်းထွက်ရှိကြောင်း သိရသည်။

စံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးလင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးစန်းဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘက်ရဲမြို့အုပ်ချုပ်ရေးမှူး၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာ/စာရင်းအင်းဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မျိုးစေ့ထုတ် ဒေသခံတောင်သူ ၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## စိန်ခေါ်မှုနှင့်ရင်ဆိုင်နေရသော အညာမြေပဲစိုက်ပျိုးရေး

**နွားထိုးကြီး နိုဝင်ဘာ ၁၄**
နွားထိုးကြီးနယ်တွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သော ပင်ထောင်မြေပဲ၊ ပင်ဖြန့်မြေပဲများကို ဈေးကွက်လိုအပ်ချက်နှင့် အပြိုင်အဆိုင်စိုက်ပျိုးနေသော်လည်း သီးနှံနုတ်သိမ်းရေးတွင် လယ်ယာခွင်လုပ်သားလိုအပ်မှုကြောင့် သီးနှံသိမ်းဆည်းရေး စိန်ခေါ်မှုနှင့်ရင်ဆိုင်နေရရာ လက်ဖြင့်နုတ်သိမ်းခြင်းထက် စက်ယန္တရားနှင့်နုတ်သိမ်းရန် စဉ်းစားနေရကြောင်း ထန်းဇင်၊ ထန်းကွ၊ စိန်ပန်းကန်ဘုရားကြီး၊ တာပါယ်၊ ဒေါင့်ဘိုး၊ ပဲချက်၊ ဝက်လူးကျေးရွာတို့မှ မြေပဲတောင်သူဦးကြီးများက ဆိုသည်။

လုပ်သားတစ်ဦးငှားရမ်းခ ငွေကျပ် ၅၀၀၀ အထိ လုပ်အားခပေးရပြီး လုပ်သားလိုအပ်ချက်အရ ဝေးကွာသောရွာများမှ ထော်လာဂျီ၊ သုံးဘီး၊ ကားနှင့် စရိတ်ကြီးစွာ ရာသီခွင်အပြီး နုတ်သိမ်းရ၍ ရလာသောမြေပဲနှင့် လုပ်သားစရိတ်က မကာမိဘဲ အရှုံးနှင့်ရင်ဆိုင်နေရသည်။

ရာသီဥတုဖောက်ပြန်မှုကြောင့် သီးနှံပေါ်ချိန် မိုးရွာသွန်းမှုကလည်း လုပ်ငန်းစရိတ်ကြီးမားစေမှု တစ်ခုဖြစ်သည်။ အပြိုင်အဆိုင်ကြောင့် လုပ်သားကို မြေပဲနုတ်ခပိုပေး၍လည်း မက်လုံးပေးရပြန်သည်။ အချိန်မှနုတ်သိမ်းနိုင်ရေးမှာ မြေပဲတစ်ဧက ၁၀ ဦးမှ ၁၅ ဦးထိ လုပ်သားအင်အားနှင့် အချိန်ပေးနေရ၍ လက်နုတ်မှ စက်နုတ်ရိတ်သိမ်းရန် ယခုကဲ့သို့စဉ်းစားလာခြင်းဖြစ်သည်။

နွားထိုးကြီးနယ် မြေပဲစိုက်ဧက ၈၀၀၀ ကျော်မှ ယခုအခါ ၁၂၀၀၀ ကျော်ထိ နှစ်စဉ်တိုးချဲ့စိုက်နေ၍လည်း မြေပဲဈေးကွက်က ထွက်သလောက်ပင်ပန်းသည်။ တောင်သူကြီးတစ်ဦး မြေပဲတင်းထောင်ချီ၊ ရာချီရကြ၍ ပင်ပန်းမှုကိုဖြေသိမ့်ရသော်လည်း လယ်ယာခွင်စရိတ်ကြောင့် ထင်သလောက်မကျန်ပါဟု ထန်းဇင်ရွာပဲတောင်သူတစ်ဦးက ဆိုသည်။

မြေပဲနုတ်သိမ်းစက်ဖြင့် နုတ်သိမ်းရန်လေ့လာကြသောအခါ စက်အရင်းအနှီး၊ နုတ်သလောက် စက်က လေလွင့်မှုရှိနေ၍ နည်းပညာကျွမ်းကျင်မှုက စိန်ခေါ်နေပြန်သည်။ လက်မှုမှ စက်မှုလယ်ယာသို့ ပြောင်းလဲသင့်နေသော်လည်း အရင်းအနှီး၊ နည်းပညာ စိန်ခေါ်မှုကြောင့် တောင်သူများ အခက်တွေ့နေကြသည်။ **ဌေးမြင့်မောင်**

## ကျောက်ဆင်ကမ်းခြေမှ စာသင်ကျောင်းသွားလမ်းခင်း



**လောင်းလုံး နိုဝင်ဘာ ၁၄**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်ရရှိစေရေး၊ စားဝတ်နေရေးဖူလုံမှုရှိစေရေး၊ လမ်းတံတားများ သွားလာလွယ်ကူစေရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နိုဝင်ဘာ ၁၁ ရက် နံနက် ၁၀ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေသိန်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် လမ်းကော်မတီဝင်များသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ကျေးလက်လုပ်ငန်းများအတွက် တင်ဒါအောင်မြင်ထားသည့် အောင်ရဲမာန်ကုမ္ပဏီနှင့် ရွှေစင်ဆန်းသစ်ကုမ္ပဏီတို့က တာဝန်ယူဆောင်ရွက်နေသော ကျောက်ဆင်ကမ်းခြေမှ စာသင်ကျောင်းသွားလမ်း ကွန်ကရစ်ခင်းခြင်းအား လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်စစ်ဆေးကြောင်း သိရသည်။

အဆိုပါကွန်ကရစ်လမ်းသည် ၂/၂ ဒသမ ၆ မိုင်ရှိပြီး ခွင့်ပြုငွေကျပ် ၃၂၈ ဒသမ ၈၁ သန်းဖြင့် ဒု ၈ လက်မ၊ အကျယ် ၁၂ ပေ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းကွန်ကရစ်လမ်းအား နိုဝင်ဘာ ၆ ရက်က လမ်းတိုင်းတာခြင်း၊ ရေမြောင်းတူးဖော်ခြင်းများ စတင်ဆောင်ရွက်နေသည့် အခြေအနေများကို တာဝန်ရှိသူများက မှာကြားခဲ့သည်။

ကွန်ကရစ်လမ်းပြီးစီးပါက ကျောက်ဆင်ကျေးရွာအုပ်စုနှင့် မောင်းမကန်ကျေးရွာအုပ်စုရှိ လူဦးရေ ၁၅၄၆၅ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ဒေသထွက်ရေထွက်ပစ္စည်းများ၊ ခရီးသွားလုပ်ငန်းနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအပြင် ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုများအတွက် အထောက်အကူပြုသော လမ်းကြောင်းတစ်ခုဖြစ်ကြောင်း သိရသည်။

**စိုးထွန်း(ပြန်/ဆက်)**

## ချောင်းရေကြီးရေလျှံမှုကြောင့် စပါးများပျက်စီး

**မိုင်းယု နိုဝင်ဘာ ၁၄**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယုမြို့တွင် နိုဝင်ဘာ ၁၀ ရက်က မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် တာကြန့်ကျေးရွာအုပ်စု နမ့်နော်ကျေးရွာအနီးရှိ နမ့်ဖွန်ချောင်းရေကြီးရေလျှံမှုဖြစ်ပြီး ရိတ်သိမ်းလျက်ရှိသော စပါး ၁၁ ဧကကျော် ရေနစ်မြုပ်၍ ပျက်စီးခဲ့သည်။

အဆိုပါရေကြီးရေလျှံမှုဖြစ်ပွားရာသို့ မြို့အုပ်ချုပ်ရေးမှူး ဦးကျော်စွာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နိုဝင်ဘာ ၁၂ ရက်တွင် သွားရောက်စစ်ဆေးခဲ့ရာ စုစုပေါင်း လယ်စပါး ၁၁ ဧကကျော် ပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့သည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ကြို့ပင်ကောက်တွင်ရေကောင်းရေသန့်ရရှိရေး စုပေါင်းဆောင်ရွက်



**ကြို့ပင်ကောက် နိုဝင်ဘာ ၁၄**
ကြို့ပင်ကောက်မြို့နယ်တွင် ရေကောင်းရေသန့်ရရှိရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၌ အသုံးပြုနိုင်ရန် ရေနုတ်မြောင်းတူးဖော်ခြင်းများကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိသည်။

ဘော်ဘင်ဆည်မှရေကို နွေစပါးစိုက်ပျိုးရာ၌အသုံးပြုပြီး ပိုလျှံသောရေကို ကျစွာလမ်းဘေး ရွာကျောင်း၊ ကုန်းသိုက်၊ တူးကုန်းပန်းတင်လမ်းတစ်လျှောက် အရှည်တစ်မိုင်ခွဲခန့် တူးဖော်မည်ဖြစ်သည်။

ယင်းသို့တူးဖော်ရာတွင် ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းဆွေတို့၏ ဦးဆောင်ထည့်ဝင်မှုဖြင့် မြို့နယ်စည်ပင်၊ ရပ်ကွက်အုပ်စု ကျေးရွာဒေသခံအလှူရှင်များ စုပေါင်းပံ့ပိုးမှုများဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

**စိုးတင်မြင့်(ရွှေကြို့မြေ)**

# ထီးချိုင့် – မြတောင်လမ်းမပိုင်းတွင် ကတ္တရာလမ်းတိုးချဲ့ခင်းခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိ


**ထီးချိုင့် နိုဝင်ဘာ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ ဧရာဝတီတံတား(ထီးချိုင့်)မှ အရှေ့ဘက် မန္တလေး-ဗန်းမော်ဗျူဟာလမ်းမကြီးသို့ဆက်သွယ်ထားသော ထီးချိုင့်-မြတောင်လမ်းမိုင် (၀/၀ - ၁/၂) ကြား ကတ္တရာလမ်းချဲ့ခင်းခြင်းလုပ်ငန်းကိုစတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီလမ်းဟာ မန္တလေး- ဗန်းမော်မဟာဗျူဟာလမ်းမကြီးမှ ဧရာဝတီတံတား (ထီးချိုင့်)ကိုဆက်သွယ်ထားလို့ အခုဆိုအဝေးပြေးယာဉ်ကြီး ယာဉ်ငယ်များ အသွားအလာများလာပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ မိုးညှင်း၊ မိုးကောင်း၊ ကသာခရိုင်အတွင်းမှ ထီးချိုင့်၊ အင်းတော်၊ ကသာ၊ ဗန်းမောက်၊ ကောလင်း မြို့တွေကနေ မန္တလေးကို နေ့ချင်းရောက်နိုင်တာမို့ လမ်းပန်းဆက်သွယ်ရေးဖွံ့ဖြိုးလာတယ်။ ပြီးတော့ ဒီအနီးအနားရွာတွေက မြတောင်ကို နေ့ချင်းပြန်ကျောင်းတက်တဲ့ ကျောင်းသား၊ ကျောင်းသူတွေဟာ စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များနဲ့ တက်ကြတာမို့ ဒီလမ်းကကျဉ်းပြီး လမ်းပခုံးသားကလည်းမရှိဆိုတော့ ကားတွေနဲ့ဆုံရင် မတိမ်းသာမရှောင်သာဖြစ်ရလို့ ယာဉ်အန္တရာယ်ဖြစ်မှာ စိုးရိမ်ရပါတယ်" ဟု မြတောင်ရွာရပ်မိရပ်ဖတစ်ဦးက ပြောသည်။

အဆိုပါ ထီးချိုင့်-မြတောင် မိုင် (၀/၀-၁/၂) အတွင်း ၁ မိုင် ၂ ဖာလုံအား မူလ ၁၂ ပေအကျယ်မှ ၂၄ ပေအကျယ်ရအောင် (၂ × ၄) လက်မကျောက်ဖြင့် တစ်ဖက် ၆ ပေ၊ အကျယ် ၆ လက်မ၊ ဒု ၃ လက်မ အောက်ကျောက်ဖြင့် တစ်ဖက် ၆ ပေ၊ အကျယ် ၆ လက်မ၊ ထုခင်း ကြိတ်ခြင်း၊(၁ × ၂) လက်မကျောက်ဖြင့် ၂၄ ပေအကျယ် ၃ လက်မထု အပွန်းခံလွှာခင်း ကြိတ်ခြင်း (၁ ဒသမ ၅)ထု အဝင်ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းစတင်ချိန်မှ နှစ်လအတွင်း ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လမ်းမိုင်အရှည် ၁ မိုင် ၆ ဖာလုံရှိသော်လည်း ၎င်းတို့ခင်းရမည့် လမ်းမိုင်အရှည် ၁ မိုင် ၂ ဖာလုံဖြစ်သည့်အတွက် ၄ ဖာလုံကျန်ရှိနေမည်ဖြစ်ကြောင်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေမှ ငွေကျပ် ၂၃၇ သန်းခွဲဝေချထားပေးပြီး ပြည်တော်တိုးကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အုန်းတောဓာတ်အားခွဲရုံမှ ပို့လွှတ်သော ၃၃ ကေဗွီ ဆားတောင်နှင့် မြင်းမူဓာတ်အား လိုင်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိ



**မုံရွာ နိုဝင်ဘာ ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်အတွင်းရှိ စစ်ကိုင်းမြို့နယ် အုန်းတောဓာတ်အားခွဲရုံမှ ပို့လွှတ်သော ၃၃ ကေဗွီ ဆားတောင်ဓာတ်အားလိုင်းနှင့် မြင်းမူဓာတ်အားလိုင်းတို့အား လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

စစ်ကိုင်းခရိုင် ရွှေဘိုခရိုင်အတွင်းရှိ ပြည်သူများ လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရန်အတွက် အရည်အသွေးကျဆင်းနေသော ကြွေသီးများကို အသစ်လဲလှယ်တပ်ဆင်ခြင်းနှင့် ဓာတ်အားလိုင်းအနီးရှိ မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ခွဲရုံရှိ အကာအကွယ်စနစ်နှင့် ဓာတ်ငွေ့ဖိအားသုံး အဖွင့်အပိတ်ခလုတ် (Gas Circut Breaker) GCB များ တပ်ဆင်ခြင်းလုပ်ငန်းများကို ခွဲရုံများနှင့် မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများက လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ စစ်ကိုင်းမြို့နယ် အုန်းတောဓာတ်အားခွဲရုံမှ ပို့လွှတ်သော ၃၃ ကေဗွီ ဆားတောင်ဓာတ်အားလိုင်းနှင့် မြင်းမူဓာတ်အားလိုင်းတို့အား လျှပ်စစ်ဓာတ်အားအပြည့်အဝသုံးစွဲနိုင်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လုပ်ငန်းများကို နိုဝင်ဘာလ ပထမပတ်အတွင်းမှ စတင်လုပ်ဆောင်ပေးခဲ့ရာ အဆိုပါလုပ်ငန်းများပြီးစီးသွားပါက စစ်ကိုင်းခရိုင်နှင့် ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များမှ ပြည်သူများ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဖြန့်ဝေလျက်ရှိသော လျှပ်စစ်ဓာတ်အားကို အပြည့်အဝ အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## လူငယ်များ စာဖတ်စွမ်းရည်မြှင့်တင်ရန် နယ်ပယ်စုံမှ အဖွဲ့အစည်းပေါင်းစုံ ပူးပေါင်းဆောင်ရွက်

**မကွေး နိုဝင်ဘာ ၁၄**
စာဖတ်စွမ်းရည်ရှိသော ကျောင်းသားလူငယ်များ ဖြစ်လာစေရန်ရည်ရွယ်၍ နယ်ပယ်စုံမှအဖွဲ့အစည်းပေါင်းစုံ ပူးပေါင်းပြီး လုပ်ဆောင်လျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးညွန့်နိုင်၏ ပြောပြချက်အရ သိရသည်။

အခြေခံပညာကျောင်းသား၊ ကျောင်းသူများအတွက် ရည်ရွယ်ကျင်းပသော ပုံပြော၊ ကျပန်း၊ အထိမ်းအမှတ်ဆိုင်ရာ စကားပြောပြိုင်ပွဲများအတွက် ဆွေးနွေးညှိနှိုင်းမှုများကို အခြေခံပညာနှင့် ပုဂ္ဂလိကကျောင်းများမှ ဆရာ၊ ဆရာမများ၊ သတင်းနှင့် စာပေဆိုင်ရာအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပြန်/ဆက်ဦးစီးဌာနတို့က ပူးပေါင်းပြီး ဆောင်ရွက်ခြင်းဖြစ်သည်။

"အခုကျွန်တော်တို့လုပ်နေတာက Community Library နဲ့ Community Centre ဖွံ့ဖြိုးတိုးတက်အောင်ပေါ့။ ဒီလိုလုပ်တဲ့အခါမှာ ကျွန်တော်တို့တစ်ဖွဲ့တည်းလုပ်နေတာမျိုးမဟုတ်ဘဲနဲ့ အဖွဲ့အစည်းအားလုံးပါဝင်လာအောင်၊ ပြီးတော့ သူတို့ဘာသာအသုံးပြုတဲ့ စာကြည့်တိုက်၊ သူတို့အသုံးချစရာနေရာဖြစ်အောင် ရည်ရွယ်လုပ်ဆောင်နေပါတယ်" ဟု ပြန်ဆက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွန့်နိုင်က ပြောသည်။

မကွေးခရိုင်ပြန်ဆက်ဦးစီးမှူး ဦးစီးအရာရှိ ဦးမြင့်သန်းက "နေ့ထူးနေ့မြတ်အထိမ်းအမှတ်ပြိုင်ပွဲတွေအပြင် ကလေးတွေစာကြည့်တိုက်ကိုလာပြီး အသုံးပြုဖို့ စာဖတ်စွမ်းရည်ပြိုင်ပွဲတွေ ဆက်ပြီးလုပ်ပါမယ်။ သူတို့ဖတ်တဲ့စာအုပ်တစ်အုပ်အကြောင်းပြောရမှာဖြစ်ပြီးတော့ ဘယ်သူရေးတယ်၊ ဘာတွေပါတယ်၊ ဒီစာအုပ်နဲ့ပတ်သက်ပြီး ဘာတွေအကျိုးရှိတယ် စသဖြင့် ဟောပြောရမှာဖြစ်ပါတယ်။ ကလေးတွေအတွက် အခြေခံပန်းချီသင်တန်းလည်း ဖွင့်လှစ်သွားဖို့ရှိပါတယ်" ဟု ပြောသည်။

အဆိုပါ Community Centre ကို အရပ်ဘက်အဖွဲ့အစည်းများ၏ သင်တန်းများ၊ အစည်းအဝေးများ၊ စာပေဆိုင်ရာ ရေးသူဖတ်သူဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ပိတ်ရက်မရှိ ဖွင့်လှစ်ထားပြီး စာကြည့်တိုက်ကို တနင်္ဂနွေနေ့မှအပ ကျန်ခြောက်ရက်လုံးတွင် ဖွင့်လှစ်ထားကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# ဆောင်းသီးနှံ မတ်ပဲစိုက်ခင်းများ မိုးမိခဲ့၍ တောင်သူများ အခက်တွေ့နေ



**ကျောက်တံခါး နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ဆောင်းသီးနှံမတ်ပဲစိုက်တောင်သူများမှာ စပါးရိတ်သိမ်း၍ ထယ်ရေးထွန်ယက်ကာ ရာသီအမီ မတ်ပဲများစိုက်ပျိုးနေကြကြောင်း သိရသည်။

ဆောင်းသီးနှံမတ်ပဲများ ထွန်ယက်စိုက်ပျိုးချိန်တွင် မိုးများရွာသွန်းခြင်းကြောင့် စိုက်ပျိုးပြီးမတ်ပဲခင်းများရေဝပ်၍ မျိုးစေ့များမှာ အပင်မပေါက်တော့ဘဲ ပုပ်ပွ၍ ပျက်စီးခဲ့ကြောင်း သိရသည်။

တောင်သူလုပ်ကိုင်သူ ဦးသန်းထိုက်ဦးက "စပါးတွေအမြန်ရိတ်သိမ်းကာ ရာသီအမီ ဆောင်းသီးနှံ ရှစ်ဧကကို ထယ်ရေးမောင်းပြီး မတ်ပဲ တစ်ဧကတစ်တင်းနှုန်းနဲ့ ရှစ်ဧက ရှစ်တင်းကြဲပက်စိုက်ပျိုးခဲ့ပါတယ်။ မတ်ပဲကြဲပြီး အခု ၅ ရက်အတွင်းမှာ မိုးနှစ်ခါမိတာကြောင့် ပဲခင်းအကွက်တွေမှာ ရေတွေဝပ်ပြီး အပင်မပေါက်တော့ဘဲ မျိုးစေ့တွေပုပ်ကုန်ပါတယ်။ မတ်ပဲမျိုးက တစ်တင်းကို ၄၅၀၀၀ နဲ့ဝယ်ကြရပါတယ်။ အခု ၄၀၀၀၀၀ နီးပါလောက် မျိုးဖိုးဆုံးပြီး နောက်တစ်ခါပြန်စိုက်ဖို့ စီစဉ်နေပါတယ်။

"ဒီနားမှာ ကျွန်တော်လိုဖြစ်ကုန်တဲ့ တောင်သူတွေ အများကြီးပါ။ မိုးကလည်း ယခုရက်ပိုင်း နေ့တိုင်းလိုရွာနေတာကြောင့် ကျွန်တော်တို့တောင်သူတွေ အနေနဲ့ တော်တော်ဒုက္ခရောက်နေပါတယ်" ဟု ပြောသည်။ **ခင်ကို(ကျောက်တံခါး)**

# မုံရွာသို့ ၂၀၁၄ ခုနှစ် ဇန်နဝါရီမှ ၂၀၁၆ ခုနှစ် စက်တင်ဘာထိ သုံးနှစ်အတွင်း ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည် လာရောက်မှု မြင့်တက်

**မုံရွာ နိုဝင်ဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ၂၀၁၄ ခုနှစ် ဇန်နဝါရီမှ ၂၀၁၆ ခုနှစ် စက်တင်ဘာအထိ သုံးနှစ်အတွင်းပြည်တွင်း၊ပြည်ပခရီးသွားဝင်ရောက်မှု ၃၁ ရာခိုင်နှုန်းအထိ မြင့်တက်လာကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"အခုကျွန်တော်တို့ပြုစုထားတဲ့အရေအတွက်က မုံရွာမြို့မှာရှိတဲ့ ဟိုတယ်နဲ့တည်းခိုခန်းတွေမှာ ဝင်ရောက်တည်းခိုလည်ပတ်ကြတဲ့ ပြည်တွင်း၊ ပြည်ပ ခရီးသွားတွေအရေအတွက်ပါ။ နေ့ချင်းပြန်ဝင်/ထွက်နေတဲ့ အရေအတွက်တွေ၊ အလုပ်လုပ်တဲ့အရေအတွက်တွေ မပါဘူး" ဟု စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သူဦးက ပြောသည်။

မုံရွာမြို့သို့ ပြည်တွင်း၊ ပြည်ပခရီးသွားဝင်ရောက်မှုသည် ၂၀၁၄ ခုနှစ်အတွင်း ဝင်ရောက်မှုထက် ၂၀၁၅ ခုနှစ်တွင် ၃၀ ရာခိုင်နှုန်းတိုးတက်လာပြီး ၂၀၁၆ ခုနှစ် စက်တင်ဘာလကုန်အထိ ၃၁ ရာခိုင်နှုန်းအထိ တိုးတက်လာကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများတွင် ဖော်ပြထားသည်။

"ဒီနှစ်အတွက် ခရီးသွားရာသီက မစသေးဘူးလို့ ပြောရမှာဖြစ်တဲ့အတွက် အောက်တိုဘာ၊ နိုဝင်ဘာနဲ့ ဒီဇင်ဘာမှာဝင်ရောက်မယ့် ခရီးသည်အရေအတွက်နဲ့ဆိုရင် ရာခိုင်နှုန်းကဆက်ပြီးတိုးတက်လာမှာပါ" ဟု ဦးအောင်သူဦးက ပြောသည်။

မုံရွာမြို့သည် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အချက်အချာကျပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးစိုက်သည့်မြို့ဖြစ်သည့်အပြင် မြို့နယ်အတွင်းနှင့် အနီးဝန်းကျင်မြို့များတွင် အထင်ကရနေရာများ၊ သမိုင်းဝင်စေတီပုထိုးများစွာလည်ပတ်နိုင်သည့်အပြင် စီးပွားရေးလုပ်ငန်းများစွာရှိသည့်အတွက် ခရီးသွားများအပြင် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များလည်း စိတ်ဝင်တစားလာရောက်မှုများပြားသည်။ **မင်းဝေ(မုံရွာ)**

# လမ်းဆုံမီးပွိုင့်ဧရိယာအတွင်းခရီးသည်တင်/ချပြုလုပ်နေသော ယာဉ်များအားသက်ဆိုင်ရာမှ ကြပ်မတ်ဆောင်ရွက်ပေးစေလို

**ကျောက်တံခါး နိုဝင်ဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးမြို့ ဒဂုံရွှေမန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းဆုံရာတွင် မီးပွိုင့်နှင့် မီးပွိုင့်ဂိတ်ထားရှိထားကြောင်း သိရသည်။

အဆိုပါမီးပွိုင့်အနီးလမ်းဆုံတွင် မော်တော်ယာဉ်ဂိတ်နှင့် လက်မှတ်အရောင်းဌာနများ အသီးသီးထားရှိပြီး နေ့စဉ်ယာဉ်လိုင်းအသီးသီးမှ ခရီးသည်များ တင်/ချပြုလုပ်ခဲ့ရာ အချို့ယာဉ်များမှာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မီးပွိုင့်စည်းကမ်းများကို လိုက်နာပြီး သတ်မှတ်နေရာတွင်သာ ခရီးသည်တင်/ချ ပြုလုပ်သော်လည်း အချို့ယာဉ်လိုင်းမှ ယာဉ်များသည် မီးပွိုင့်ဧရိယာအတွင်း ခရီးသည်တင်/ချပြုလုပ်နေကြောင်း သိရသည်။

ကျွန်တော်တို့ ကျောက်တံခါးမြို့က လမ်းဆုံမီးပွိုင့်မှာ မီးပွိုင့်ဂိတ်ရှိပြီး တာဝန်ကျယာဉ်ထိန်းရဲမရှိတာကြောင့် မီးနီပြလည်းမရပ်ဘဲ ဖြတ်ကျော်မောင်းနှင်တာကြောင့် မကြာခဏ ယာဉ်တိုက်မှုတွေဖြစ်ပါတယ်။ မီးပွိုင့်ဧရိယာအတွင်းမှာ ခရီးသည်တင်/ချပြုလုပ်တာရယ်၊ ကုန်တွေချထားတာတွေကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပြီး ယာဉ်ထိခိုက်မှုအန္တရာယ်များ ဆက်လက်ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်အညီ သွားလာနိုင်ရေး၊ မီးပွိုင့်စည်းကမ်းများအတိုင်း လိုက်နာနိုင်ရေးနှင့် တာဝန်ကျယာဉ်ထိန်းရဲများ နေ့စဉ်ချထားဆောင်ရွက်ပေးနိုင်ရေး ဒေသခံများမှ လိုလားလျက်ရှိကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**



မြန်မာ့မီးရထားမှ (အထက်မြန်မာပြည်) အထွေထွေမန်နေဂျာဦးမျိုးဝင်း(မန္တလေး) လက်ထောက်အထွေထွေမန်နေဂျာ (မြို့ပြ)ဦးစံချိန် (ရွာထောင်) ခင်ဦးမြို့နယ် ကွန်ကရစ်ဇလီဖားစက်ရုံမှူး ဦးအောင်နိုင်နှင့် ရထားသံလမ်းအလုပ်သမားများအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် မန္တလေး-မြစ်ကြီးနား မီးရထားလမ်းမိုင်တိုင်အမှတ် ၄၅၄/၇ နှင့် ၄၅၄/၈ ကြားရှိ ရွှေမုဋ္ဌောတံတားအမှတ် ၁၁၆ ၌ ဆွေးမြည့်၍ ဖရိုဖရဲဖြစ်နေသော ဇလီဖားတုံးများကို ပြုပြင်ခဲ့ရာ နိုဝင်ဘာ ၁၂ ရက်က ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။ **ချစ်စံ(ခင်ဦး)**

# ရွှေဟောင်းသမိုင်းဝင်အောင်မြင်ဇေယျစေတီတော်မြတ်ကြီး၏(၄၈)ကြိမ်မြောက်သံဃဒါနဆွမ်းလောင်းပွဲကျင်းပ

**တောင်တွင်းကြီး နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ ရွှေဟောင်းသမိုင်းဝင် အောင်မြင်ဇေယျစေတီတော်မြတ်ကြီး၏ (၄၈) ကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်နှင့် သံဃဒါနဆွမ်းလောင်းလှူပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်အမှူးပြုသော ဆရာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြသည်။

ဆွမ်းလောင်းလှူပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဝင်းနှင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ (၁၀)ရပ်ကွက်နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ အလှူရှင်မိသားစုများက ဆရာတော်အရှင်သူမြတ်အပါး ၁၀၀၀ ကျော်တို့အား ဆွမ်း၊ ဆွမ်းဟင်းနှင့် စာရေးတန်မဲများ ဆက်ကပ်လောင်းလှူပူဇော်ခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားကာ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်းသိရသည်။ **(၅၈၀)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးနှင့် ကျန်းမာရေးအသိပညာပေးဆွေးနွေးဟောပြော

**တီးတိန် နိုဝင်ဘာ ၁၄**

ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့နယ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးဌာနနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ပူးပေါင်း၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကျန်းမာရေးအသိပညာပေးဆွေးနွေးဟောပြောပွဲကို နိုဝင်ဘာ ၉ ရက် နံနက် ၉ နာရီက အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးလွင်မောင်မောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲမှူးနေလင်း၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးရေချမ်းနှင့် မြို့နယ်ဆေးရုံအုပ် ဒေါက်တာအောင်ကျော်နိုင်တို့က အသိပညာပေးဆိုင်ရာအကြောင်းအရာများကို အသီးသီးဟောပြောကြကာ အဆိုပါဟောပြောပွဲတွင် သင်တန်းသူ ၄၉ ဦး တက်ရောက်ကြကြောင်း သိရသည်။ **ဂျိုးနက်**

# ငွေချည်(၉)ချည်မျှင်ရှည်ဝါ (၅)ကေစံပြစိုက်ခင်းကွင်းသရုပ်ပြသ

**နတ်မောက် နိုဝင်ဘာ ၁၄**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ခုနှစ် ရွာမွန်ကျေးရွာအုပ်စု ကျောင်းရွာလေးကျေးရွာတွင် နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက ကွင်းအမှတ် (၈၀၂) ကွင်းတွင် စိုက်ပျိုးထားသော ဦးအောင်မြင့်သိန်း ငွေချည်(၉) ချည်မျှင်ရှည်ဝါ (၅) ဧက စံပြစိုက်ခင်းအားကွင်းသရုပ်ပြပွဲ ဆောင်ရွက်ခဲ့သည်။

အဆိုပါကွင်းသရုပ်ပြပွဲအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကြည်မြင့်က သီးနှံစိုက်ပျိုးနည်းပညာများဆွေးနွေးခဲ့ပြီး ဝါစိုက်တောင်သူများက ဝါခင်းတွင်ပိုးကျလျှင်ဘယ်လိုဆေးများပက်ဖျန်းရမည့်အကြောင်းကို မေးမြန်းခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကြည်မြင့်က ဝါစိုက်တောင်သူများအား ဝါပင်သက်တမ်းတစ်လျှောက် အဓိကအရေးကြီးသောဖျက်ပိုးများက ဖြုတ်စိမ်း၊ ပျ၊ လှေးပိုးနှင့် သင်ဖြူပိုးများကျရောက်လျှင် အမီဒါကလိုပရစ်ဆေးဖြင့် ပက်ဖျန်းနှိမ်နင်းကာကွယ်ခြင်း၊ ဝါပင်ရက် ၆၀ နောက်ပိုင်းတွင် ဝါဂွမ်းပိုးနီကျပါက ဟာရီကိန်းနှင့် ဟိုက်ဒရိုကလိုရစ်ဆေးဖြင့် ပက်ဖျန်းရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ဝါစိုက်တောင်သူများနှင့်အတူ ဝါခင်းအားကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **လှဝင်း(နတ်မောက်)**

# ဘုရားဈေးတိုက်ပွဲ (၇၈) နှစ်ပြည့်ပြီ

ဆူးငှက်


မူလ ၁၄ ခန်း ဇရပ်

အချိန်က လွတ်လပ်ရေးအရှိန်အဟုန် ပြင်းထန်နေတဲ့ ၁၉၃၈-၃၉ ခုနှစ်ကာလ။ ၁၉၃၈ ခုနှစ်ဆန်းကတည်းက မန္တလေးမှာ ဗဟိုအမျိုးသား အထက်တန်းကျောင်း (ယခု အ. ထ. က-၂) ကစပြီး နယ်ချဲ့ကို ဆန့်ကျင်တဲ့လှုပ်ရှားမှုတွေစတင်နေပြီ။ ဒီလှုပ်ရှားမှုတွေကို မန္တလေးမှာ အလွန်သြဇာရှိတဲ့ ရဟန်းပျိုအဖွဲ့ကလည်း ထောက်ခံနေပြီ။ နယ်ချဲ့ကလည်း ဖမ်းသူဖမ်း၊ ထောင်ချသူချနဲ့ ဖိနှိပ်နေပြီပေါ့။ ဒီကြားထဲ လူမျိုးရေးအဓိကရုဏ်းကိုလည်း ဖန်တီးလိုက်သေးတယ်။ ဒါပေမယ့် နယ်ချဲ့ဆန့်ကျင်ရေး အရှိန်အဟုန်က မပျက်ပြယ်ခဲ့ပါဘူး။

## နယ်ချဲ့ဆန့်ကျင်ရေး

ကျောင်းသားလှုပ်ရှားမှုကစခဲ့တဲ့ နယ်ချဲ့ဆန့်ကျင်ရေးဟာ ရဟန်းပျိုအဖွဲ့ရော၊ မြို့လူထုသာမက ဈေးချိုသူ၊ ဈေးချိုသားတွေလည်း ပါဝင်လာကြတယ်။ ကျောင်းသားတွေနဲ့ မြို့လူထုက စီတန်းဆန္ဒပြမယ်။ ဈေးချိုတော်ကြီးလည်း ဆန္ဒပြလူထုကြီးကိုကြိုဆိုကြမယ်။ ဂုဏ်ပြုကြမယ်။ ခေါင်းဆောင်တွေကို ပန်းကုံးစွပ်ကြမယ်နဲ့ အုတ်အော်သောင်းနင်းဖြစ်နေတော့ နယ်ချဲ့ဟာ ဈေးချိုတော်မှာ ပုဒ်မ-၂၃ (၇) ကို ထုတ်ပြန်လိုက်ပါတယ်။

ရဟန်းပျိုအဖွဲ့ကလည်း မန္တလေးဈေးချိုတော်ကြီးကို သပိတ်မှောက်ဖို့ ညွှန်ကြားလိုက်တယ်။ ဒီတော့ ဈေးချိုသူ၊ ဈေးချိုသားတွေဟာ ၁၃၀၀ ပြည့်နှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် (၁၉၃၈ ခု နိုဝင်ဘာ ၁၁ ရက်) မှာ ဈေးချိုရုံကြီး (၁၂) ရုံကို သပိတ်မှောက်ပြီး ဈေးချိုအနောက်ဘက်၊ သီရိဟေမာအရှေ့ရပ်ကွက်မှာရှိတဲ့ အိမ်တော်ရာဘုရားဝင်းထဲ ဈေးသွားဖွင့်ကြတယ်။ မန္တလေးဈေးချိုဆိုတာ လူမျိုးပေါင်းစုံ၊ လူတန်းစားပေါင်းစုံကိုး။ နယ်ချဲ့ကို တော်လှန်ဖီဆန်ပြီး သပိတ်မှောက်ကြတော့ လူမျိုးခြား အရင်းရှင်ကုန်သည်ကြီးတွေက ဘယ်ပါရဲမလဲ။ ဒါ့အပြင် နယ်ချဲ့အလိုတော်ရိတွေ၊ တောကြောင်တွေကလည်း ဒီတိုက်ပွဲမှာ ဘယ်ပါရဲကြမလဲ။ ဒီလိုလူတွေဟာ ဘုရားဈေးကို မလိုက်ဘဲ ခြောက်ကပ်ကပ်ဈေးချိုမှာ နေရစ်ခဲ့ကြတယ်။ တချို့လည်း ပစ္စည်းသိမ်း၊ အိမ်ပြန်ပြီး မသိလိုက်မသိဘာသာနေကြတယ်။ ဒါပေမယ့် ဒီလိုလူတွေက လူနည်းစုပါ။ မြန်မာလူမျိုးတိုင်း မျိုးချစ်စိတ်ရှိသူတိုင်းဟာ ဘုရားဈေးမှာ ရဲရဲဝံ့ဝံ့ ဈေးထွက်ကြပါတယ်။



## ကလောင်လက်နက်နဲ့ပါဝင်

